# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# (၆၉)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက်

## (၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်)

## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၉)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၉)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၉)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၈ ဦးရှိတဲ့အနက် ၃၈၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၈၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ်ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၉)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြ ပါ့မယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင် ခွင့် ၁ ရက်၊

(၂) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီ ခွင့် ၈ ရက်၊

(၃) လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးစောသိန်းအောင် ခွင့် ၁ ရက်၊

(၄) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၁ ရက်၊

(၅) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၁ ရက်၊

(၆) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၁ ရက်၊

(၇) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၁ ရက်၊

(၈) မှော်ဘီမဲဆန္ဒနယ်မှ ဦးကြည်မြင့် ခွင့် ၁ ရက်၊

(၉) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၁ ရက်၊

(၁၀) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်း ခွင့် ၁ ရက်၊

(၁၁) ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့် ခွင့် ၁ ရက်၊

(၁၂) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၁ ရက်၊

(၁၃) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နိုင် ခွင့် ၁ ရက်၊

(၁၄) ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ ခွင့် ၁ ရက်၊

(၁၅) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၅ ရက်၊

(၁၆) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၁ ရက်၊

(၁၇) လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၁ ရက်၊

(၁၈) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၁ ရက်၊

(၁၉) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၁ ရက်၊

(၂၀) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း ခွင့် ၁ ရက်နှင့်

(၂၁) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမြတ်ကို ခွင့် ၁ ရက် တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၈ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသော ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသော ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၈)ရက်မြောက်နေ့ဖြစ်သော ၂၂-၆-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြား ရှင်းလင်းခြင်းပြုလုပ်ခဲ့ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ၊ အစဉ်လိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းသည့်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ဥပဒေကြမ်းကော်မတီ၊ သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဌေးနိုင်တို့က သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ သဘောဆန္ဒရယူ ဆုံးဖြတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်(၁)ချက်ကို ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ကန့်လန့်ဖြတ်ဇယား

အစဉ် ၂ အခန်း(၁)ခေါင်းစဉ်ကို ပယ်ဖျက်ကြောင်း အဆိုတင်သွင်းထားပါတယ်။ အဲဒီအဆိုနဲ့ပတ်သက်ပြီးတော့ လွှတ်တော်က အတည်ပြုပေးနိုင်ရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ဆက်လက်ပြီး တစ်ဆက်တည်း ကန့်လန့်ဖြတ်ဇယား အစဉ် ၄ အပိုဒ် ၂ ဥပဒေကြမ်းကော်မတီအနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၁၇ ပုဒ်မခွဲ(ဃ)တို့တွင် ပါရှိသော ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းဆိုသည့်စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဆိုတဲ့ အဆိုပြုပြင်ဆင်ချက်အတိုင်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကန့်လန့်ဖြတ်ဇယား အမှတ်စဉ် ၃ ဥပဒေကြမ်းကော်မတီက အဆိုပြုထားတဲ့ အဆိုပြုပြင်ဆင်ချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၄ ဗိုလ်မှူးချုပ်ဒွေးနိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးချုပ်ဒွေးနိုင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဒွေးနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပတ်သက်ပြီးတော့ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးတင်ပြမယ့်အခန်းကတော့ အမှတ်စဉ် ၄ အပိုဒ် ၂ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၁၇ ပုဒ်မခွဲ(ဃ)တို့တွင်ပါရှိသော ရွေးကောက်ပွဲဆိုင်ရာပါတီစည်းရုံးရေးလုပ်ငန်းဆိုသည့်စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်ဆိုတဲ့အဆိုပြုချက်ကို ကျွန်တော်တို့အနေနဲ့ ပယ်ဖျက်ပြီးတော့ မူလအတိုင်းထားရှိရန် ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကောက်နုတ်တင်ပြလိုတာကတော့ ဒီပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ဆီကို ဖြန့်ဝေလာတဲ့အခါမှာ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး တင်သွင်းရသည့်ရည်ရွယ်ချက် ပါရှိပါတယ်။ ဒီရည်ရွယ်ချက်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ၆၄ ပုဒ်မ ၂၃၂ ပုဒ်မခွဲ(ဋ)တို့နှင့် ဆန့်ကျင်နေသောကြောင့်လို့ ပါရှိပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ဆန့်ကျင်တယ်လို့ ပြောတာကဆိုလိုခြင်းသည် ဘာကြောင့် ဒီလိုပြောရလဲဆိုရတဲ့အကြောင်းကို ပြန်ပြီးတော့ လေ့လာကြည့်မယ်ဆိုလို့ရှိရင် ၁၇-၆-၂၀၁၅ ရက်နေ့မှာ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီဝင် ဦးတင်မောင်ဦးရဲ့ အခုလက်ရှိ ကျွန်တော်တို့ ဆွေးနွေးမယ့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ၊ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေ၊ နေပြည်တော်ကောင်စီဥပဒေ၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေနဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေများနှင့် ပတ်သက်ပြီးတော့ အဲဒီထဲမှာပါတဲ့အချက်အလက်တွေဟာ အခြေခံဥပဒေနဲ့ညီ/မညီဆိုတဲ့ မေးခွန်းအပေါ်မှာ စလာတာဖြစ်ပါတယ်။ ဒီဥပဒေနဲ့ပတ်သက်ပြီးတော့ မေးမြန်းတဲ့မေးခွန်းအပေါ်ကိုလည်း မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌဖြစ်တဲ့ပုဂ္ဂိုလ်ကနေပြီးတော့ ဖြေဆိုခဲ့ပြီးဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီဥပဒေများသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက် ပုဒ်မ ၄၄၃ ပါ ဥပဒေအရ ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နှစ်မတိုင်မီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖွဲ့စည်းပုံအခြေခံဥပဒေအကောင်အထည် ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်ထားသည့်လုပ်ငန်းရပ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်လို့ ဖော်ပြထားတာဖြစ်ပါတယ်။

နောက်တစ်ခုကလည်း အခုလက်ရှိ ပြင်ဆင်မယ်ဆိုတဲ့ဥပဒေနဲ့ပတ်သက်ပြီးတော့လည်း ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေမှာ နိဒါန်းပိုင်းမှာလည်း ပါဝင်ပြီးဖြစ်ပါတယ်။ နိဒါန်းပိုင်းမှာဆိုလို့ရှိရင် နောက်ဆုံးအပိုဒ်မှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ နှင့်အညီ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်လို့ ဖော်ပြထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့စပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းရဲ့ ရည်ရွယ်ချက်မှာတင် လွဲမှားနေတယ်လို့ ကျွန်တော်တို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေနဲ့ပတ်သက်ပြီးတော့ မူလအတိုင်းထားရှိဖို့အတွက် တင်ပြခြင်းဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ မမေ့နိုင်တဲ့ အငြင်းပွားမှုတစ်ခု သတိရစေလိုပါတယ်။ ရက်စွဲ၊ နေ့စွဲပြောရန်မလိုဘဲ သိကြတဲ့ အငြင်းပွားမှုဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ဆိုတဲ့ အဓိပ္ပာယ်ဖော်ပြချက်နဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာလွှတ်တော်များမှာပါရှိတဲ့ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ဖွဲ့စည်းထားသော ကော်မတီ၊ ကော်မရှင်တို့သည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များဖြစ်ကြောင်း သက်ဆိုင်ရာဥပဒေများက အတိအလင်းဖော်ပြထားမှုအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကနေပြီးတော့ အခြေခံဥပဒေနဲ့မညီဘူးလို့ ဆုံးဖြတ်တဲ့အပေါ်ကို ကျွန်တော်တို့လွှတ်တော်က ဘယ်လိုဆွေးနွေးခဲ့ကြသလဲ။ ဘယ်လိုပုဒ်မတွေကို ရှင်းလင်းခဲ့ကြပါသလဲ။ ကျွန်တော်တို့ ဘယ်လိုခံယူထားခဲ့ကြပါသလဲ။ ဘယ်ဥပဒေကိုပဲ လက်ခံပါသလဲ။ ဘယ်လို ကျွန်တော်တို့ စွပ်စွဲပြစ်တင်ခဲ့ပါသလဲ။ ဒါကြောင့် ဒီခုံရုံးအဖွဲ့ကြီးဟာ ဘယ်လိုဖြစ်သွားပါသလဲ။ ဒါအားလုံးအသိ ဖြစ်ပါတယ်။ ဒီဟာ နယကလက်ထက်က ဖွဲ့စည်းပုံအခြေခံဥပဒေအထောက်အကူပြုဖို့အတွက် ပြဋ္ဌာန်းခဲ့တဲ့ဥပဒေ ၂၂ ခုကို အခြေခံဥပဒေနဲ့မညီဘူးလို့ ပြောတဲ့အတွက် ဒီလိုဖြစ်ထိုက်တယ်ဆိုတာကို သတိထားရမှာဖြစ်ပါတယ်။

နောက်တစ်ခုကလည်း ဒီဥပဒေကို ပြင်ဆင်ဖို့အတွက် တင်တဲ့နေရာမှာလည်း ကျွန်တော်လည်း ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီဝင် တစ်ယောက်ဖြစ်ပါတယ်။ ကျွန်တော်တို့လွှတ်တော်ထဲမှာ ဖွဲ့စည်းထားတဲ့ကော်မတီတွေဟာ လွှတ်တော်အငယ်များဖြစ်ကြောင်း ဥက္ကဋ္ဌကြီးအနေနဲ့ မကြာခဏ မိန့်ကြားလာသလို ကျွန်တော်တို အမြဲတမ်းစွဲစွဲမြဲမြဲရှိနေပါတယ်။ ကော်မတီရဲ့လုပ်ဆောင်မှုဟာ လွှတ်တော်ရဲ့လုပ်ဆောင်မှုဖြစ်ပါတယ်။ လုပ်ဆောင်မှုတိုင်းဟာ ဥပဒေနှင့်အညီဖြစ်ဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များဟာ ဥပဒေအလိုက်နာဆုံးသူများဖြစ်ဖို့လည်း လိုတယ်လို့ ကျွန်တော်တို့ ဒီလိုပဲ ခံယူထားပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေ ၇ ခု စတင်ကတည်းက ကျွန်တော် ကန့်ကွက်ခဲ့ခြင်းလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မတီအနေနဲ့ လွှတ်တော်အတွင်းရောက်မှပဲ သဘောထားမေးပြီးတော့၊ ဆန္ဒမေးပြီးတော့ပဲ အခု ဆွေးနွေးဖို့အတွက် ဖြစ်လာတာဖြစ်ပါတယ်။

နောက်တစ်ခုကလည်း ရွေးကောက်ပွဲဆိုင်ရာပါတီစည်းရုံးရေးလုပ်ငန်းနှင့် ရွေးကောက်ပွဲဆိုင်ရာစည်းရုံးရေးလုပ်ငန်းဆိုတဲ့ စကားရပ်တွေဟာ တူသယောင်ယောင်နဲ့ တချို့ဟာတွေဟာ သံသယဖြစ်ဖွယ်တွေ အများကြီးဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ လက်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းမှာပါဝင်တဲ့ အပိုဒ် ၇ အပိုဒ်ခွဲ(ခ)၊ ပုဒ်မ ၁၇ ပုဒ်မခွဲ(ဃ)တို့မှာ ပါဝင်တဲ့ ရွေးကောက်ပွဲဆိုင်ရာပါတီစည်းရုံးရေးလုပ်ငန်းဆိုတဲ့စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ

စည်းရုံးရေးလုပ်ငန်းဆိုတဲ့ စကားရပ်ဖြင့် အစားထိုးခြင်းကို သဘောမတူဘဲနဲ့ မူလအတိုင်းသာထားရှိသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဦးဝင်းသန်း၊ သာပေါင်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု သက်ဆိုင်ရာ ကန့်လန့်ဖြတ်ဇယား အပိုဒ် ၄ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၁၇ ပုဒ်မခွဲ(ဃ)တို့မှာပါရှိတဲ့အပိုဒ်ကို ပြင်ဆင်ဖို့အတွက် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုထောက်ခံချက်တိုင်းကို ကျွန်တော်က ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြင်ဆင်တဲ့အပိုဒ်နဲ့ မူလအပိုဒ်ရဲ့ ကွာခြားချက်က စကားရပ်တစ်လုံးပဲဖြစ်ပါတယ်။ အဲဒါကတော့ ပါတီဆိုတာဖြစ်ပါတယ်။ ပါတီစည်းရုံးရေးလုပ်ငန်းနှင့် ရွေးကောက်ပွဲစည်းရုံးရေးလုပ်ငန်းဆိုတာ ပါတီဆိုတဲ့ စကားလုံးပါခြင်းနှင့် မပါခြင်းဟာ အများကြီးကွာခြားချက်ရှိပါတယ်။ မူလအဆိုတင်သွင်းထားတဲ့ အနေအထားမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်တယ်ဆိုတဲ့အကြောင်းကို Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ Power Point တင်ပေးပါခင်ဗျာ။ ရွေးကောက်ပွဲတစ်ခုရှိလာခဲ့လို့ရှိရင် ပါဝင်ပတ်သက်တဲ့အခန်းဟာ အခုလိုအပေါ်၊ အောက် အပြိုင်နှစ်ခုရှိပါတယ်။ သက်ဆိုင်ရာမဲဆန္ဒနယ်မြေအတွက် မဲဆွယ်စည်းရုံးကြတာဖြစ်ပါတယ်။ နိုင်ငံရေးပါတီကအပေါ်မှာ စည်းရုံးတာရှိပါတယ်။ အောက်မှာ အဲဒီနိုင်ငံရေးပါတီမှာပါဝင်တဲ့ ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းက စည်းရုံးတာရှိပါတယ်။ အခုပြောနေတဲ့အပိုင်းမှာ အဲဒီရွေးကောက်ပွဲကိုယ်စားလှယ်လောင်းဟာ သာမန်အပြင်က လွတ်လပ်သူမဟုတ်ဘဲနဲ့ လက်ရှိပြည်ထောင်စုအစိုးရအဖွဲ့၊ ရာထူးယူထားတဲ့ပုဂ္ဂိုလ်လို့ ကျွန်တော် အောက်မှာ စာလုံးအဝါလေးနဲ့ ကွက်လပ်ပြထားပါတယ်။ အဲဒီတော့ ရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးကာလ သတ်မှတ်တဲ့အချိန်မှာ မဲဆွယ်စည်းရုံးပုံ၊ စည်းရုံးနည်းက နှစ်မျိုးရှိလာပါတယ်။ အပေါ်ပိုင်းက နိုင်ငံရေးပါတီက သူ့ကိုယ်စားလှယ်လောင်းတွေအတွက် ပါတီရဲ့လှုပ်ရှားမှုအနေနဲ့ ပါတီဆိုတဲ့ စကားရပ်ရဲ့အောက်မှာ မဲဆွယ်စည်းရုံးပေးခြင်းဆိုတာရှိပါတယ်။ ဒါဟာလည်း ဒီကိုယ်စားလှယ်အတွက်ပဲဖြစ်ပါတယ်။ အောက်က ကိုယ်စားလှယ်ကိုယ်တိုင်က ကိုယ်သက်ဆိုင်တဲ့မဲဆန္ဒနယ်မြေကို ခွင့်ပြုတဲ့ကာလမှာ မိမိအတွက် မဲဆွယ်စည်းရုံးခြင်းဆိုတာက မဲဆွယ်စည်းရုံးခြင်းတစ်ပိုင်းဖြစ်ပါတယ်။ ဒီနှစ်ခုရဲ့ ဒီဂရီကိုကြည့်ရင် ကိုယ်စားလှယ်လောင်းက မဲဆွယ်စည်းရုံးတဲ့ဒီဂရီက နည်းနည်းလေးပိုနိမ့်ပါတယ်။ သူရဲ့မိခင်ပါတီက မဲဆွယ်စည်းရုံးတဲ့ဒီဂရီက ပိုပြီးတော့မြင့်ပါတယ်။ နိုင်ငံရေးပါတီတစ်ရပ်အနေနဲ့ ကိုယ်စားလှယ်လောင်း

အားလုံးအတွက်ကို သက်ဆိုင်ရာနယ်မြေအားလုံးကို တစ်ပြိုင်တည်းသော်လည်းကောင်း၊ Campaign ပုံစံအသီးသီးနဲ့ သူ့မှာကျင်းပခွင့်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေက ဒါကို ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့်အညီ လွတ်လွတ်လပ်လပ်ခွင့်ပြုထားပါတယ်။ ကိုယ်စားလှယ်လောင်းမှာ လက်ရှိရာထူးဟာ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဖြစ်သွားပြီဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၄ ရယ်၊ ပုဒ်မ ၂၃၂ ပုဒ်မခွဲ (ဋ)က မိမိရာထူးသက်တမ်းအတွင်းဆိုတဲ့ စကားလုံး ကန့်သတ်ထားပါတယ်။ ရာထူးသက်တမ်းအတွင်း ဆိုတဲ့စကားလုံးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၁ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတတို့၏ သက်တမ်းသည် ငါးနှစ်ဖြစ်သည်။ အဲဒီတော့ ပြည်ထောင်စုအစိုးရအဖွဲ့တစ်ဖွဲ့ လုံးရဲ့သက်တမ်းကလည်း ထိုနည်းတူစွာ ငါးနှစ်ဖြစ်ပါတယ်။ သက်တမ်းလို့ပြောတဲ့အတွက် နောက်ထပ် အစိုးရအဖွဲ့သစ်ကို မလွှဲမချင်း ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ရာထူးသက်တမ်းဆိုတဲ့ကာလဟာ တိုက်ရိုက် သက်ဆိုင်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ တိုက်ရိုက်သက်ဆိုင်တဲ့အတွက် ရွေးကောက်ပွဲကော်မရှင်က ခွင့်ပြုတဲ့ရက်မှာတော့ ဒီအစိုးရအဖွဲ့ဝင် ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းဟာ သူ့ရဲ့အခွင့်အရေး မဆုံးရှုံးစေခြင်းငှာဆိုပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေက ခွင့်ပြုထားတဲ့အတိုင်း သူ့ဘာသာသူ မဲဆွယ် ပြီးစည်းရုံးလို့ ရပါတယ်။ အဲဒီ ရက်စွဲထဲမှာ အဲဒီရာထူးကို သူစွန့်လွှတ်ဖို့မလိုပါဘူး။ သူဟာ ဘယ်ပါတီ ကို ကိုယ်စားပြုလာမယ်ဆိုတာလည်း ကြေညာချက်အရ မဲဆန္ဒနယ်က သိပြီးသားဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော် မင်နီလိုင်းနဲ့ပြထားတဲ့အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေက သေသေချာချာကို အမျိုးသား ညီလာခံမှာ ဆွေးနွေးဆုံးဖြတ်ထားတာ၊ နိုင်ငံရေးပါတီဘက်ကို သူသွားပြီးတော့ အဲဒီကာလထဲမှာ၊ ရာထူးသက်တမ်းထဲမှာ ပါတီရဲ့လှုပ်ရှားမှုတွေထဲမှာ သူဟာ ထဲထဲဝင်ဝင် ဝင်ပါလို့မရပါဘူး။

ထို့အတူ သူဘာသာသူ မဲဆွယ်တာမဟုတ်ဘဲနဲ့ ဒီပါတီရဲ့နာမည်ကို ခံထားတဲ့အတွက် ဆိုပြီး တော့အပေါ်က ပါတီရဲ့မဲဆွယ်တဲ့လမ်းကြောင်းအပေါ်မှာ Campaign လှုပ်ရှားမှုတွေမှာ ထဲထဲဝင်ဝင် အတိအကျပါဝင်ပြီးတော့ ပတ်သက်ပြီးတော့မရပါဘူးလို့ ဖွဲ့စည်းပုံအခြေခံဥပဒေက ဒီလို ပြောထားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မူရင်းကြောရိုးကို နိဂုံးချုပ်ရလျှင် ရာထူးသက်တမ်းအတွင်းဆိုတဲ့ စကား လုံးဖြစ်တဲ့အတွက် ဒီဟာကို မပြင်နိုင်မချင်းတော့ ပါတီဆိုတဲ့လှုပ်ရှားမှုနဲ့ တိုက်ရိုက်ပတ်သက်လို့မရတာ ဖြစ်တဲ့အတွက် ဥပဒေရဲ့ မူလတည်ဆဲအဟောင်းမှာ ဖော်ပြထားတဲ့ ပါတီဆိုတဲ့ စကားလုံးဟာ အခြေခံဥပဒေရဲ့ ဖွင့်ပေးထားတဲ့ဘောင်ကို ကျော်ပြီးတော့ ဆန့်ကျင်လျက်ရှိတယ်ဆိုတာကို တိတိကျကျ တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ပြင်ဆင်ချက်အဆိုအတိုင်း ဥပဒေကြမ်းကော်မတီက တင်ပြထားသည့်

အတိုင်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အစိုးရအဖွဲ့ကိုယ်စား သက်ဆိုင်သူက ရှင်းလင်းဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို ကျွန်တော် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးမှ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကိုပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးတင်ပြမှာ ဖြစ်ပါ တယ်။ ဥပဒေကြမ်းမှာ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(ခ)နဲ့ ပုဒ်မ ၁၇ ပုဒ်မခွဲ(ဃ) တို့မှာပါရှိတဲ့ ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းဆိုတဲ့စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းဆိုတဲ့စကားရပ်နဲ့ အစားထိုးပြင်ဆင်လိုကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၄ ပါ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများဟာ နိုင်ငံရေးပါတီတစ်ခုခုရဲ့ အဖွဲ့ဝင်ဖြစ်လျှင် ရွေးချယ်တင်မြှောက်ခြင်းခံရတဲ့နေ့မှစ၍ ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်းရဲ့ ပါတီ လုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်ခြင်းမပြုရဆိုတဲ့ ပြဋ္ဌာန်းချက် ပုဒ်မ ၂၃၂ ပုဒ်မခွဲ(ဋ) နှင့် ပုဒ်မ ၂၃၄ ပုဒ်မခွဲ(စ)တို့ပါ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတွေဟာ နိုင်ငံရေးပါတီတစ်ခုခုရဲ့အဖွဲ့ဝင် ဖြစ်လျှင် ရွေးချယ်တင်မြှောက်ခြင်းခံရတဲ့နေ့မှစ၍ ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်းရဲ့ ပါတီလုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်ခြင်းမပြုရဆိုတဲ့ ပြဋ္ဌာန်းချက်တွေနဲ့ ဆန့်ကျင်တဲ့အတွက်ကြောင့် ပြင်ဆင်လိုခြင်းဖြစ်ကြောင်း ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၄၊ ပုဒ်မ၂၃၂ ပုဒ်မခွဲ(ဋ)နဲ့ ပုဒ်မ ၂၃၄ ပုဒ်မခွဲ(စ)တို့ပါ ပြဋ္ဌာန်းချက်များနဲ့စပ်လျဉ်း၍ အမျိုးသား ညီလာခံမှာ ဆွေးနွေးဆုံးဖြတ်ချက်များအရ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများသည် နိုင်ငံအကြီးအကဲနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များဖြစ်ကြ သည့်အလျောက် ၎င်းတို့သည် နိုင်ငံရေးပါတီဝင်ဖြစ်ပါက ပါတီနိုင်ငံရေးအစား အမျိုးသားနိုင်ငံရေး ကိုယ်စား ဦးတည်ဆောင်ရွက်သင့်သဖြင့် ရာထူးသက်တမ်းအတွင်း ပါတီလုပ်ငန်းများမှာ ပါဝင် ဆောင်ရွက်ခြင်းမပြုစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ၎င်းတို့က နိုင်ငံရေးပါတီ တစ်ခုကို ကိုယ်စားပြုပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာပြီးနောက် ပြည်ထောင်စုလွှတ်တော်ရဲ့

သဘောတူညီချက်နဲ့ရွေးကောက်တင်မြှောက်ခံရတဲ့ ခန့်အပ်တာဝန်ပေးခြင်းခံရတဲ့ အစိုးရအဖွဲ့ဝင်တွေ ဖြစ်ပါတယ်။ ရာထူးသက်တမ်းအတွင်း ပါတီလုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်ခြင်းမပြုသော်လည်း ၎င်းတို့က သက်ဆိုင်ရာနိုင်ငံရေးပါတီရဲ့ ပါတီဝင်များသာဖြစ်ပါတယ်။

ပြည်ထောင်စု အစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ(ခ)နဲ့ ပုဒ်မ ၁၇ ပုဒ်မခွဲ(ဃ)တို့မှာ ပြည်ထောင်စု အစိုးရအဖွဲ့ဝင်တစ်ဦးဦးနှင့် ဒုတိယဝန်ကြီးတစ်ဦးဦးက နိုင်ငံရေးပါတီတစ်ခုခုရဲ့ အဖွဲ့ဝင်ဖြစ်လျှင်သော် လည်းကောင်း၊ တစ်သီးပုဂ္ဂလရွေးချယ်ခံခဲ့ရသူဖြစ်လျှင်သော်လည်းကောင်း၊ သီးခြားခန့်အပ်တာဝန် ပေးအပ်ခြင်းခံခဲ့ရသူ နိုင်ငံသားတစ်ဦးဖြစ်လျှင်သော်လည်းကောင်း အဆိုပါပုဂ္ဂိုလ်သည် နောင်လာ မည့် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၈ ပုဒ်မခွဲ(က)အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံး စေရန်အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေငြာသည့်နေ့မှ စ၍ရွေးကောက်ပွဲဆိုင်ရာပါတီ စည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်း များကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားပါတယ်။ ယင်းပြဋ္ဌာန်းချက်ဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ(က)ပါ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံ ပိုင်ခွင့်ရှိသည့်အခြေခံမူနှင့်အညီ ပြဋ္ဌာန်းထားခြင်းဖြစ်သဖြင့် အခြေခံဥပဒေပုဒ်မ ၆၄၊ ပုဒ်မ ၂၃၂ ပုဒ်မခွဲ(ဋ)နဲ့ ပုဒ်မ ၂၃၄ ပုဒ်မခွဲ(စ)တို့ပါ ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်တယ်လို့ဆိုနိုင်မှာ မဟုတ်ကြောင်း တင်ပြအပ်ပါတယ်။

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၃ အရ ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သည့် မတိုင်မီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေအကောင် အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်တဲ့လုပ်ငန်းရပ်များဟာ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း မှတ်ယူရမှာဖြစ်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီကပြဋ္ဌာန်းခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖြစ် တယ်လို့ မှတ်ယူရမှာဖြစ်ပါတယ်။ ပါတီလုပ်ငန်းဆိုတဲ့စကားရပ်နှင့်စပ်လျဉ်းပြီးတော့ တည်ဆဲဥပဒေ တစ်ရပ်ရပ်မှာလည်းကောင်း၊ ရွေးကောက်ပွဲကော်မရှင်နည်းဥပဒေနဲ့ ရွေးကောက်ပွဲကော်မရှင်ရဲ့ ညွှန်ကြားချက်တစ်ရပ်ရပ်မှာလည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိသော်လည်း လက်တွေ့ နယ်ပယ်မှာ ကျင့်သုံးဆောင်ရွက်မှုများအရ ပါတီလုပ်ငန်းဆိုသည်မှာ နိုင်ငံရေးပါတီတစ်ရပ်အတွင်း အလုပ်အမှုဆောင်ကော်မတီအဆင့်ဆင့်ကဖြစ်စေ၊ ပါတီဝင်တစ်ဦးဦးကဖြစ်စေ၊ ပါတီရဲ့အကျိုးစီးပွား

အတွက်ဆောင်ရွက်တဲ့ ပါတီနဲ့သက်ဆိုင်တဲ့လုပ်ငန်းများကို ဆိုလိုခြင်းဖြစ်တယ်လို့ ယေဘုယျကောက်ယူရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ(ခ)နဲ့ ပုဒ်မ ၁၇ ပုဒ်မခွဲ(ဃ)တို့အရ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေငြာသည့်နေ့မှစ၍ အထွေထွေရွေးကောက်ပွဲတွင် ရွေးချယ်ခံမည့်သူတစ်ဦးဦးအနေဖြင့် ပါတီကိုကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအဖြစ် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်း ဆောင်ရွက်ခြင်းဟာပါတီအဖွဲ့အစည်းရဲ့ ပါတီလုပ်ငန်းမှာပါဝင်ဆောင်ရွက်ခြင်းဖြစ်တယ်လို့ ဆိုနိုင်မှာမဟုတ်ပါကြောင်း တင်ပြအပ်ပါတယ်။

နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးတစ်ဦးဦးဟာ လွှတ်တော်တစ်ရပ်ရပ်ရဲ့ ကိုယ်စားလှယ်၊ နိုင်ငံရေးပါတီတစ်ခုခုရဲ့ အဖွဲ့ဝင်တစ်ဦးဦးဖြစ်ခဲ့ရင် တာဝန်ပေးအပ်ခြင်းခံရတဲ့နေ့မှစပြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ရမှာဖြစ်ပြီး ရာထူးသက်တမ်းအတွင်းမှာ ပါတီအဖွဲ့အစည်းရဲ့ညီလာခံများ၊ အစည်းအဝေးများ၊ ပါတီဖွဲ့စည်းရေးလုပ်ငန်းများ၊ ပါတီဝင်စည်းရုံးရေးလုပ်ငန်းများအစရှိတဲ့ ပါတီလုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်ခြင်းမရှိသော်လည်း ၎င်းသည် ပါတီဝင်အဖြစ်ဆက်လက်တည်ရှိပါသည်။ ၎င်းသည်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးအနေနဲ့ ရွေးကောက်ပွဲမှာပါဝင်ယှဉ်ပြိုင်စဉ်က ပါတီကိုကိုယ်စားပြုပြီးတော့ ပါတီရဲ့မူဝါဒလမ်းစဉ်သဘောထားတွေကို ပါတီရဲ့ ၂၀၅၀ ပိုစတာတွေနဲ့အတူ ပြည်သူ့ထံတင်ပြစည်းရုံးပြီး ရွေးကောက်တင်မြှောက်ခံခဲ့တာဖြစ်ပါတယ်။ ထို့အတူ ၎င်းအနေနဲ့ နောင်လာမည့် ရွေးကောက်ပွဲမှာ ရွေးကောက်ခံဖို့အတွက် ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့်နေ့မှစ၍ ရွေးကောက်ပွဲဆိုင်ရာစည်းရုံးရေးလုပ်ငန်းများ၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးအရ ဆောင်ရွက်တဲ့အခါမှာ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်လည်းကောင်း၊ ပါတီအဖွဲ့ဝင်အဖြစ်လည်းကောင်း ပါတီရဲ့မူဝါဒလမ်းစဉ်သဘောထားတွေကို ပြည်သူတွေထံ ရှင်းလင်းစည်းရုံးရမှာဖြစ်ပါတယ်။ အခုပြင်ဆင်တဲ့ ဥပဒေကြမ်းအရ ပါတီဆိုတဲ့စကားလုံးကို ချန်လှပ်လိုက်တဲ့အတွက် ရွေးကောက်ပွဲဆိုင်ရာစည်းရုံးရေးလုပ်ငန်းများ၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ရတဲ့နေရာမှာ ပါတီနဲ့ပတ်သက်တဲ့ကိစ္စများကို စည်းရုံးပြောဆိုခွင့်မရှိတဲ့သဘော သက်ရောက်နိုင်ပါသဖြင့် သက်ဆိုင်သူပါတီဝင်တစ်ဦးအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်တဲ့အခါမှာ အခက်အခဲများရှိနိုင်ပါတယ်။ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာစည်းရုံးရေး

လုပ်ငန်းများဆောင်ရွက်ရာမှာ မိမိအောင်နိုင်ရေး၊ မိမိပါတီအောင်နိုင်ရေးတို့အတွက် စည်းရုံးဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(ခ)နဲ့ ပုဒ်မ ၁၇ ပုဒ်မခွဲ(ဃ)တို့ပါ ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆန့်ကျင်ခြင်းမရှိသဖြင့်လည်းကောင်း ပြင်ဆင်ပြဋ္ဌာန်းပါက အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ရွေးကောက်ပွဲဆိုင်ရာစည်းရုံးရေးလုပ်ငန်းများ၊ လက်တွေ့ဆောင်ရွက်ရာမှာ အခက်အခဲကြုံတွေ့နိုင်သဖြင့်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၁၇ ပုဒ်မခွဲ(ဃ)တို့ပါ ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းဆိုသည့် စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာစည်းရုံးရေးလုပ်ငန်းဆိုတဲ့ စကားရပ်အဖြစ် အစားထိုးပြင်ဆင်ရန် လိုအပ်ခြင်းမရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဒီမှာ ကျွန်တော်တို့ ဒီနေ့မှာ ရောက်ရှိတဲ့အခါမှာ ဒီပြင်ဆင်ရန် တင်ပြချက်များ ဦးဝင်းသန်းနဲ့ ဦးခင်မောင်ညို့တို့ရဲ့ တင်ပြချက်များအသစ်များကိုလည်း ထပ်မံတွေ့ရှိရပါတယ်။ ဒီမှာပဲ ကျွန်တော်တို့ တစ်ခါတည်းတင်ပြရန်ရှိလို့ရှိရင် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဲဒီအပိုင်းကျမှပဲ တင်ပြဖို့ဖြစ်ပါတယ်။ ဒီနေ့ ဆွေးနွေးတဲ့ ကန့်လန့်ဖြတ်ဇယား အမှတ်စဉ် ၁၊ အမှတ်စဉ် ၄ ဥပဒေကြမ်းကော်မတီက အဆိုပြုတင်ပြထားပါတယ်။ ဗိုလ်မှူးချုပ်ဌေးနိုင်က ပယ်ဖျက်ဖို့ တင်ပြထားပါတယ်။ နောက် ဦးဝင်းသန်း၊ သာပေါင်းမဲဆန္ဒနယ်နဲ့ ဦးခင်မောင်ညို၊ လှိုင်ကော်မဲဆန္ဒနယ်က အဆိုပြုပြဋ္ဌာန်းချက်အတိုင်း တင်ပြထားပါတယ်။ ဦးဝင်းသန်းတစ်ယောက်ကိုပဲ ဆွေးနွေးပြီးတော့ ဦးခင်မောင်ညိုတော့ ဦးဝင်းသန်းရဲ့ တင်ပြချက်ပြည့်စုံလုံလောက်တဲ့အတွက် ဆွေးနွေးရန်မလိုဘူးလို့ လွှတ်တော်ဥက္ကဋ္ဌက ယူဆတဲ့အတွက် အစိုးရအဖွဲ့ကိုယ်စားလှယ်ကို ဆွေးနွေးခိုင်းခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီက ဘာကြောင့် ဒီလိုအဆိုပြုပြဋ္ဌာန်းရတယ်ဆိုတဲ့အကြောင်းကို ရှင်းလင်းတင်ပြဖို့ဖြစ်ပါတယ်။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်ကြီးများအားလုံးကို လေးစားပါကြောင်း ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ဥပဒေကြမ်းကော်မတီကိုယ်စား ကျွန်တော့်အနေနဲ့ တင်ပြရမယ်ဆိုလို့ရှိရင် ဘာကြောင့် ဒီဥပဒေကို ပြင်ဆင်ခဲ့ရသလဲဆိုတဲ့ အပိုင်းကနေစပြီးမှ ဥပဒေကြောင်းအားဖြင့် ကျွန်တော့်အနေနဲ့တင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၄ မှာ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများဟာ မိမိတို့ ရာထူးသက်တမ်းအတွင်း ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရန် တားမြစ်ထားပါတယ်။ တစ်ခါ ဆင့်ပွားဥပဒေဖြစ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ(ခ)မှာ ကျပြန်တော့ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေငြာသည့်နေ့မှစ၍ ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်း များကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိတယ်လို့ ပြဋ္ဌာန်းထားခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်နေတာကို မြင်တွေ့ရပါတယ်။ ဒီလို ဆန့်ကျင်နေတဲ့အပိုင်းကို ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၄၆ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြင်ဆင်ဖို့၊ ပယ်ဖျက်ဖို့လိုအပ်လာပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၄၆ ကိုပြန်ပြီးသုံးသပ်ကြည့်မယ်ဆိုရင် တည်ဆဲဥပဒေများဟာ ပြည်ထောင်စု လွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်ဟု ပြဋ္ဌာန်းထားခြင်းဟာ အဲဒီတည်ဆဲဥပဒေများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်နေမယ်ဆိုရင် ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းပြုလုပ်သွားရန် ပြဋ္ဌာန်းထားခြင်းပဲ ဖြစ်ပါတယ်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ဆရာဦးအေးမောင်ရဲ့ ရှင်းလင်းတင်ပြချက်မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းခြင်း မပြုမီ အစဉ်အဆက်က လက်ခံကျင့်သုံးလာခဲ့တဲ့ တည်ဆဲဥပဒေများကို ဆက်လက်ကျင့်သုံးနိုင်သလို ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းပြီးတဲ့နောက်မှာ အဆိုပါဥပဒေများဟာ ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့ဆန့်ကျင်ခြင်းမရှိပါက ဆက်လက်ကျင့်သုံးနိုင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ဆန့်ကျင်ခဲ့မယ် ဆိုရင် ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုလုပ်သွားရန် ပြဋ္ဌာန်းသတ်မှတ် ထားခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြတာကိုလည်း ထပ်ဆင့်တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုဆန့်ကျင်နေတဲ့အပိုင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ ၄၄၆ ပါ ပြဋ္ဌာန်းချက် နှင့်အညီ ပယ်ဖျက်ဖို့၊ ပြင်ဆင်ဖို့ အမှန်တကယ်ပဲ လိုအပ်ပါတယ်။ ဒီလို ဆန့်ကျင်နေတဲ့အပိုင်းကို ပယ်ဖျက်မှသာလျှင်၊ ပြင်ဆင်မှသာလျှင် ပုဒ်မ ၃၈ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ရွေးကောက် တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ကို ရရှိခံစားနိုင်မည်ဖြစ်ကြောင်းကိုလည်း တင်ပြ လိုပါတယ်။ အစောတုန်းက တင်ပြခဲ့တဲ့ ပုဒ်မ ၄၄၃ ဟာ နယကခေတ်က နယကအစိုးရကို ဖွဲ့စည်းပုံ အခြေခံဥပဒေ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ကြိုတင်ဆောင်ရွက်နိုင်ရန် ခွင့်ပြုခြင်းပဲ ဖြစ်ပါတယ်။ လုပ်ငန်းသက်သက်ဖြစ်ပါတယ်။ ဆိုလိုတာက လုပ်ငန်းဆောင်ရွက်ရန် အခွင့်အာဏာ

ပေးခြင်းသာ ဖြစ်ပါတယ်။ သို့ရာတွင် ပုဒ်မ ၄၄၆ ဟာ ဥပဒေပြဋ္ဌာန်းချက် ဖြစ်ပါတယ်။ အခု ကျွန်တော်တို့ပြင်နေတာက ဥပဒေကိုပြင်ဆင်နေခြင်းပဲ ဖြစ်ပါတယ်။ လုပ်ငန်းကို ကျွန်တော်တို့ ပြင်ဆင်နေခြင်း မဟုတ်ပါဘူး။ အခုပြင်ဆင်တဲ့ဥပဒေကြမ်းဟာ ပြင်ဆင်ဖို့လိုအပ်တယ်လို့ အလွယ်တကူ သိနိုင်ပါလျက်နဲ့မပြင်ဖို့ဆွေးနွေးခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်ရာမရောက်ပဲ၊ လိုက်နာမှုမရှိတာပဲဖြစ်ပါတယ်။ ဘယ်လိုရည်ရွယ်ချက်နဲ့ ဆွေးနွေးနေတယ်ဆိုတာကို မခန့်မှန်းနိုင်ပါဘူး။ ဒါကြောင့် ဥပဒေကြမ်းကော်မတီအဆိုပြုချက်အတိုင်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုတင်ပြချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ကဲ ဒီဘက်က ဗိုလ်ချုပ်ဝေလင်း အကုန်လုံးပေါ့လေ။ တပ်မတော်သားကိုယ်စားလှယ်တွေအားလုံး ပါပါတယ်။ ရေတွက်လိုက်ပါ။ နောက်ဒီဘက်က ဒုတိယတန်းမှာလည်း တပ်မတော်သားကိုယ်စားလှယ်အပြင် ဦးစိုးဝင်း။ ဦးမောင်မောင်သိမ်း ဒုတိယအကန့်မှာ ဘယ်လောက်ရှိပါသလဲ။ ရေတွက်ပေးပါ။ နောက် တတိယတန်းမှာ ဦးစိုးသိမ်း တစ်ယောက်ရှိပါတယ်။ အတန်းလိုက်၊ အတန်းလိုက်သွားပါ။ နောက် စတုတ္ထတန်းမှာ ဒေါ်တင်နွယ်ဦး။ အားလုံးပေါင်းပေးပါ။ ပထမအကန့်က ၉၉ ယောက်။ ဒုတိယအကန့်က ခုနစ်ယောက်။ တတိယအကန့်က တစ်ယောက်။ စတုတ္ထအကန့်က တစ်ယောက် စုစုပေါင်း ၁၀၈ ယောက်ဖြစ်ပါတယ်။ အားလုံးထိုင်နိုင်ပါပြီ။ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်ကို ကြားနေလိုတဲ့သူများရှိလို့ရှိရင် မတ်တပ်ရပ်ပါ။ ကြားနေမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုပြဋ္ဌာန်းချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၂ အမှတ်စဉ် ၅။ ဦးဝင်းသန်း၊ သာပေါင်းမဲဆန္ဒနယ်က အဆိုပြုတင်ပြဖို့ဖြစ်ပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့အချိန်မှာ ဥပဒေရဲ့အတွဲလိုက်ကို ကျွန်တော်တို့ပြန်ကြည့်တဲ့အခါမှာ ကျွန်တော်တို့လွှတ်တော်ရဲ့ ဒီနောက်ဆုံးသက်တမ်းမှာ အစိုးရကူးပြောင်းရေးကာလအတွက် အဆင်ပြေစေဖို့ ဖြည့်စွက်ရန်လိုအပ်တဲ့အချက်တွေကို တွေ့ရှိလာတဲ့အတွက် အသစ်ဖြည့်စွက်တင်ပြရခြင်းဖြစ်ပါတယ်။ ပုဒ်မ ၅၅ မှာ ပုဒ်မ ၅၅ ပုဒ်မခွဲ(က) ဆိုပြီးတော့ ပုဒ်မ ၅၅ နဲ့သက်ဆိုင်တဲ့အတွက် အတွဲလိုက်ရေးထုံးအရ တင်ပြခြင်းဖြစ်ပါတယ်။ အဆိုပြုချက်မှာ

လွှတ်တော်သက်တမ်းတစ်ရပ်ရပ်အတွက် ပါတီစုံအထွေထွေရွေးကောက်ပွဲများ ရှိသည့်နှစ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့သည် လာမည့်ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရသုံးဆိုင်ရာဥပဒေကြမ်းနှင့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်းတို့ကိုရေးဆွဲပြီး အသစ်ဖွဲ့စည်းမည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောထားရယူ၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းရမည်ဟူ၍ ဖြည့်စွက်လိုပါတယ်။ အကျိုးအကြောင်းဖော်ပြချက်မှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အစ လွှတ်တော်သက်တမ်းအသစ်နဲ့ အစိုးရအသစ်အဖွဲ့အစည်းအပြောင်းအလဲမှာတုန်းကတော့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက မလွှဲပြောင်းမီမှာ ကျွန်တော်တို့ BE ဘက်ဂျက်ခေါ်တဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနဲ့ စီမံကိန်းတွေကို တစ်ပါတည်းဆောင်ရွက်ပေးထားခဲ့တဲ့အတွက် အဆင်ပြေချောမွေ့စွာနဲ့ ကူးပြောင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ သို့ရာတွင် လက်ရှိအစိုးရအဖွဲ့ဥပဒေမှာ နောက်တစ်နှစ် ဒုတိယတစ်ကြိမ် ပါတီစုံအထွေထွေရွေးကောက်ပွဲများပြီးလို့ရှိရင် လွှဲပြောင်းရမယ့်အနေအထားအတွက် အတိအကျလိုအပ်ခြင်းရှိနေတာကို တွေ့ရှိရပါတယ်။ ထို့အပြင် ဖော်ပြထားတဲ့ ဥပဒေကြမ်းသုံးခုမှာ ပြည်ထောင်စုအစိုးရအဖွဲ့ကသာလျှင် ရေးဆွဲတင်ပြခွင့်ရှိပြီးတော့ အခြားမည်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်းကမှ ရေးဆွဲတင်ပြခွင့်မရှိသည့်အတွက် ယခုလိုထည့်သွင်းမှသာလျှင် နောက်တစ်နှစ် ကူးပြောင်းမယ့်ကာလအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မှာဖြစ်တယ်လို့ ထင်မြင်မိပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ရဲ့ အသွင်ကူးပြောင်းတဲ့ကာလမှာ နယကအစိုးရလက်ထက်မှ ရွေးကောက်ပွဲအစိုးရသစ်သို့ ပြောင်းလဲတာကတော့ တစ်ပြိုင်တည်းဖြစ်ပြီးတော့ အခုတစ်ကြိမ်ပြောင်းလဲမှာကတော့ လွှတ်တော်သက်တမ်းကုန်တဲ့ရက်နဲ့ အစိုးရအဖွဲ့ကျမ်းသစ္စာကျိန်ဆိုသည့်မှသက်တမ်းကုန်ဆုံးတဲ့ရက်ဟာ အနည်းငယ်ကွာဟချက်ရှိပါတယ်။ ကွာဟတဲ့အချက် နောက်တစ်ပိုင်းက ကျွန်တော်တို့ရဲ့ တည်ဆဲ ဧပြီလ ၁ ရက်မှ မတ်လ ၃၁ ရက် ဘဏ္ဍာနှစ်မှာ လအနည်းငယ်လည်း ချိတ်ဆက်သွားတာကိုလည်း တွေ့ရှိရပါတယ်။ ဒီအကျိုးအကြောင်းဖော်ပြချက်များကြောင့် အဆင်ပြေစွာ ကူးပြောင်းနိုင်ရေးအတွက် ကျွန်တော်တင်ပြတဲ့ ပုဒ်မအသစ် ပုဒ်မ ၅၅ ပုဒ်မခွဲ(က)အား လွှတ်တော်မှ အတည်ပြုလက်ခံပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာတင်ပြအပ်ပါတယ်။ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးထွန်းထွန်းဦး (ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး) ဆွေးနွေးရန်ရှိကဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကျွန်တော်တို့အခု အဆိုပြုပြင်ဆင်ချက်စာသားအရ လွှတ်တော်သက်တမ်းတစ်ရပ်ရပ်အတွက် ပါတီစုံအထွေထွေရွေးကောက်ပွဲများရှိသည့်နှစ်တွင် ပြည်ထောင်စုအစိုးရအဖွဲ့သည် လာမည့်ဘဏ္ဍာရေးနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရသုံးဆိုင်ရာဥပဒေကြမ်းနှင့်ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်းတို့ကို ရေးဆွဲပြီး အသစ်ဖွဲ့စည်းမည့်ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောထားရယူ၍ ပြည်ထောင်စုလွှတ်တော်သို့တင်သွင်းရမည်ဆိုတော့ လက်ရှိပြည်ထောင်စုအစိုးရအဖွဲ့က ဒီဥပဒေ သုံးခုကို ရေးဆွဲပြီး အသစ်ဖွဲ့စည်းမယ့်ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့သဘောထားရယူဖို့ဆိုတာ အဲဒီအချိန်မှာ လက်ရှိပြည်ထောင်စုအစိုးရအဖွဲ့က ရှိမှာမဟုတ်တော့ဘူးလို့ ကျွန်တော့်အနေနဲ့ယူဆပါတယ်။ နောက် ကျွန်တော်တို့ယခင်အတွေ့အကြုံများအရလည်း လက်ရှိအစိုးရရဲ့ပထမနှစ်ရသုံးမှန်းခြေဘက်ဂျက်ဟာ ယခင်အစိုးရဆွဲသွားတာပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယခုအစိုးရအနေနဲ့လည်း ဒီနောက်ဘတ်ဂျက်ကို ယခုအစိုးရနဲ့ ပြည်ထောင်စုလွှတ်တော်မှသာ အတည်ပြုသင့်တယ်လို့ ကျွန်တော်အနေနဲ့ ယူဆပါကြောင်း တင်ပြအပ်ပါတယ်။ နောက်အချက်တစ်ချက်ဖြစ်တဲ့နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများ၊ နောက်တစ်ပိုဒ်မှာကတော့ ပြည်ထောင်စုဝန်ကြီးများ၊ တရားသူကြီးများ၊ ခုံရုံးများအဖွဲ့ဝင်များ၊ ပုဒ်မတွေညွှန်းထားတာ အစိုးရအဖွဲ့ကြီးတစ်ခုလုံးအပြင် အခုနက တရားသူကြီး၊ ခုံရုံးအဖွဲ့များအပါအဝင် ဒီရွေးချယ်တင်မြှောက်ခံရတဲ့သူတွေအတွက် ကတိသစ္စာမပြုရသေးမီကာလအတွင်း အစိုးရသစ်ဖွဲ့စည်းနိုင်ရေး၊ ရုံးခန်းများ၊ ဝန်ထမ်းများ၊ ရုံးအသုံးအဆောင်ပစ္စည်းကိရိယာများ၊ လုံခြုံရေး၊ နေထိုင်ရေး ဆောင်ရွက်ပေးဖို့ကိစ္စဟာလည်း ဒါလိုအပ်/မလိုအပ် စဉ်းစားသင့်ပါကြောင်း ကျွန်တော့်အနေနဲ့တင်ပြအပ်ပါတယ်။ ဒါနောက်အခုနက အစိုးရအဖွဲ့တစ်ခုလုံးအပြင် အခုနက Independent အဖွဲ့အစည်းတွေဖြစ်တဲ့ Judiciary ပိုင်းတွေရော၊ Constitutional Court အပိုင်းတွေရော အကုန်လုံးပါဝင်ပါတယ်ခင်ဗျာ။ အရေအတွက်များပြားတဲ့အတွက်ကြောင့် ဒီဟာတွေဟာ ဒီရက်ပိုင်းကာလလေးအတွင်းမှာ ဒီအဆောင်အယောင်တွေ အားလုံးဆောင်ရွက်ပေးဖို့လိုအပ်ခြင်း၊ မလိုအပ်ခြင်းရှိ/မရှိ စဉ်းစားရန်သင့်ပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။ ကျန်တဲ့နောက်ဆုံးအပိုဒ်ဖြစ်တဲ့ အခုနက ဒီအစိုးရအဖွဲ့အသစ်ကို လွှဲပြောင်းဖို့၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ဖို့၊ ကျမ်းသစ္စာကျိန်ဆိုပြီးရင်တစ်ခါ စနစ်တကျလွှဲပြောင်းပေးဖို့ လို့ဆိုတာတွေကတော့ ကျွန်တော်တို့ ထည့်ဖို့လိုအပ်တယ်ဆိုရင်လည်း အစိုးရအဖွဲ့အစဉ်အဆက်ကတော့ ဒါတွေဟာဒီတိုင်းပဲကျင့်သုံးခဲ့တာလည်း ဖြစ်ပါတယ်။ ဆောင်ရွက်လည်း ဆောင်ရွက်ဖို့ ညွှန်ကြားချက်တွေလည်း

အားလုံးရရှိပြီးတော့ ဒီလိုလွှဲပြောင်းပေးနိုင်ဖို့အတွက်လည်း ယခုကတည်းကိုက စာရွက်စာတမ်းတွေ အားလုံးကို ဝန်ကြီးဌာနတွေအားလုံး၊ အစိုးရအဖွဲ့အစည်းတွေအားလုံး ဆောင်ရွက်လျက်ရှိကြပါ ကြောင်းတင်ပြအပ်ပါတယ်။ အဲဒီတော့ ဒီဟာတွေဟာတကယ်လို့ ထည့်ဖို့ လိုအပ်ဆိုရင်လည်း ကျွန်တော်တို့အနေနဲ့တော့ ငြင်းစရာမရှိကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အခု ရှေ့နေချုပ်ရုံးက ဆွေးနွေးသွားတာက စာမျက်နှာ ၂ အခန်း ၅ အမှတ်စဉ် ၅၊ အမှတ်စဉ် ၆၊ အမှတ်စဉ် ၇၊ အမှတ်စဉ် ၈ ကိုပါ ဆွေးနွေးသွားတာဖြစ်ပါတယ်။ ဒါကြောင့် ဦးဝင်းသန်း က ဒီအမှတ်စဉ် ၆၊ အမှတ်စဉ် ၇၊ အမှတ်စဉ် ၈ ကို ဆက်လက်ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးရဲ့ တာဝန်ပေးချက်အရသာ အပိုဒ်တွေကို တွဲပြီးတော့ ကျွန်တော်ဆက်လက်တင်ပြအဆိုပြုမှာဖြစ်ပါတယ်။ ဒါပေမဲ့လို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဒုတိယရှေ့နေချုပ်ဆွေးနွေးသွားတဲ့အပိုဒ်မှာ အဆိုမတင်ခင် ဆွေးနွေးသလိုဖြစ်နေတာလေးတော့ ကျွန်တော်တို့ နည်းနည်းအခက်အခဲ ရှိပါတယ်။ ဒါလေးကိုတော့ ကျွန်တော်ကြိုတင်ပြီး အစီရင်ခံချင်တာက ဒီပြင်ဆင်တဲ့ပြင်ဆင်ချက် အဆိုအားလုံးဟာ ပြည်ထောင်စု အစိုးရအဖွဲ့အပါအဝင် ပြည်ထောင်စုအဆင့် နိုင်ငံတော်ရဲ့ထိပ်ဆုံးမှာရှိတဲ့ အဖွဲ့အစည်းတွေအားလုံး အတွက် သက်ဆိုင်တဲ့ဥပဒေကြမ်းများဖြစ်တဲ့အတွက် ဒီဥပဒေကြမ်းကို ဒီပြည်သူ့လွှတ်တော်ထဲမှာရှိတဲ့ ကျွန်တော်တို့ရဲ့လွှတ်တော်ကိုယ်စားလှယ်ကြီးများဟာ တစ်ပိုဒ်ချင်း၊ တစ်လုံးချင်းကို ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့လည်း ညှိနေရတဲ့ကိစ္စဖြစ်တဲ့အတွက် တော်တော်လေးကို ဂရုစိုက်ပြီးကြည့်နေရတာဖြစ်ပါ တယ်။ အကယ်၍ အပိုဒ်တိုင်း၊ အပိုဒ်တိုင်းကို အဲဒီလိုရောရောပြီးတော့ ဆွေးနွေးမယ်ဆိုရင် လွှတ်တော် ကိုယ်စားလှယ်ကြီးများက စဉ်းစားရတာအတော်လေးခက်ခဲမယ်။ ထောက်ခံမှု၊ ကန့်ကွက်မှုကို ပေးရတာလည်း အဖြေမှန်နဲ့နီးစပ်မှု ခက်ခဲမယ်လို့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ ဒီတစ်ပိုဒ်ချင်းမှာပဲ မူလအတိုင်းကို ကျွန်တော်တို့ ဆွေးနွေးပြီးတော့ ဆုံးဖြတ်ခိုင်းစေမယ်ဆိုရင်တော့ လွှတ်တော် ကိုယ်စားလှယ်ကြီးများ စဉ်းစားရတာ ပိုပြီးတော့တိကျနီးစပ်မှုရှိမယ်လို့ ယူဆတဲ့အတွက် ဥက္ကဋ္ဌကြီးမှ ပြန်လည်သုံးသပ်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းသန်းရဲ့တင်ပြချက်က ရှေ့နောက်ဆီလျော်ဆက်စပ်မှုရှိပါတယ်။ ဥပဒေ ကြောင်းနဲ့လည်း ညီညွတ်ပါတယ်။ အခုကဲ့သို့ ပြန်လည်ဆွေးနွေးခိုင်းရခြင်းအကြောင်းအရင်းကလည်း ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဒုတိယရှေ့နေချုပ်ကိုယ်တိုင် အကြောင်းအရာများကို ဆက်လက် ဆွေးနွေးသွားတဲ့အတွက် မူလအဆိုပြုတင်ပြထားတဲ့ ဦးဝင်းသန်းကို ပိုရှင်းအောင် ရှင်းလင်းတင်ပြခိုင်း

ခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဦးဝင်းသန်းရဲ့အဆိုပြုတင်ပြချက်အတိုင်းပဲ ဥပဒေနဲ့အညီ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ကန့်လန့်ဖြတ်ဇယား ၂ အမှတ်စဉ် ၅ ဦးဝင်းသန်းရဲ့အဆိုပြုချက်နဲ့ ဒုတိယရှေ့နေချုပ်တင်ပြဆွေးနွေးချက်ပေါ်မူတည်ပြီးတော့ ဥပဒေကြမ်းကော်မတီက ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ဖြစ်ပါတယ်။ အားလုံးနားထောင်ပါ။ ဒီဥပဒေကို အတည်ပြုဆုံးဖြတ်နေတဲ့ကိစ္စဖြစ်ပါတယ်။ ကြားဖောက်ဆွေးနွေးစရာမလိုပါဘူး။

**ဦးမောင်တိုး(မင်းလှမဲဆန္ဒနယ်)**။ ။ ဒီဟာ တင်တာကို ကျွန်တော်တို့မသိပါဘူးခင်ဗျ။ ဒီနောက်ပိုင်းတင်တဲ့ဥစ္စာကို။ ပါတီကိစ္စကိုတော့ ကျွန်တော်တို့သိပါတယ်။ ဒီဘတ်ဂျက်ကိစ္စကို ကျွန်တော်တို့မသိပါဘူးခင်ဗျား။ အခုမှသိတဲ့အတွက် ကျွန်တော်တို့ အခုမှဆွေးနွေးရမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ ခွင့်မပြုပါဘူး ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကိစ္စဟာ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အခြားဆက်စပ်ဥပဒေများမှာ ပြဋ္ဌာန်းခြင်းမရှိသေးတဲ့ အစိုးရအဖွဲ့(၁)နဲ့ အဖွဲ့(၂) တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား လွှဲပြောင်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်ဖြစ်လို့ အလွန်လည်းအရေးကြီးပါတယ်။ ဒါဟာကျွန်တော်တို့ အရင်က အတိတ်က လွှဲပြောင်းမှုကို အဆင်ပြေခဲ့တဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကနေပြီးတော့မှ ပြည်ထောင်စုအစိုးရကို လွှဲပြောင်းမှုမျိုးဟာ ချောမွေ့ခဲ့မှုရှိခဲ့သလို နိုင်ငံတကာမှာကျတော့ လွှဲပြောင်းမှုညင်သာချောမွေ့မှုမရှိခြင်းကြောင့် တွေ့ကြုံရတဲ့ တည်ငြိမ်အေးချမ်းမှုပျက်ပြားခြင်းများကိုလည်း သင်ခန်းစာယူရန်လိုပါတယ်။ ကျွန်တော့်အနေနဲ့တင်ပြလိုတာကတော့ ဒီအချက်လေးချက်ဟာ ဒါ ဦးမောင်တိုးဆွေးနွေးသလို လိုအပ်ချက်အရ ကျွန်တော်တို့ ဦးဝင်းသန်းရဲ့တင်ပြချက်ကို ဖြည့်စွက်ထည့်သွင်းရခြင်းပဲဖြစ်ပါတယ်ဆိုတဲ့ဟာလေး တင်ပြလိုပါတယ်။ ဒုတိယအချက်ကတော့ ကာလအပိုင်းအခြားဖြစ်ပါတယ်ခင်ဗျာ။ ဒါလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စဉ်းစားနိုင်ဖို့ပါ။ နိုဝင်ဘာလမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲကျင်းပမယ်လို့ ကြေညာထားပြီးတဲ့နောက်ပိုင်းမှာ အဆင့်ဆင့်သောကာလဟာ ဇန်နဝါရီလ ၃၁ ရက်နေ့မတိုင်ခင်မှာ လွှတ်တော်အသစ်ပေါ်ပေါက်လာနိုင်ပါတယ်။ ရွေးကောက်ပွဲပြီးရင်။ အဲဒီတော့ လွှတ်တော်အသစ်ပေါ်ပေါက်လာတဲ့အချိန်မှာ ဒီလွှတ်တော်ကြီးမှာပဲ သဘာပတိကို ရွေးချယ်မယ်။ နောက် လွှတ်တော်ဥက္ကဋ္ဌတွေ၊ ဒုတိယဥက္ကဋ္ဌတွေရွေးချယ်ပြီးတော့ နိုင်ငံတော်သမ္မတကြီးကိုရွေးချယ်၍ ပြည်ထောင်စုအစိုးရအဖွဲ့ အဆင့်ဆင့်ရွေးချယ်တဲ့ဟာ ပေါ်ပေါက်လာမှာဖြစ်ပါတယ်။ သို့ရာတွင် လက်ရှိပြည်ထောင်စုအစိုးရကတော့

မတ်လအထိ သက်တမ်းဟာ တည်ရှိနေမှာဖြစ်ပါတယ်။ ဒီလိုပြောင်းလဲလာမယ့်ကာလမှာ ဒါ အမှတ်စဉ် ၆၊ အမှတ်စဉ် ၇၊ အမှတ်စဉ် ၈ အဆင်ပြေအောင် ကျွန်တော်တို့ ဒီစဉ်းစားပြီးတော့ ထည့်ထားတာဖြစ်သလို အမှတ်စဉ် ၅ မှာတော့ ဘတ်ဂျက်ကိစ္စပါလာခြင်းဖြစ်ပါတယ်။ အဲဒီတော့ ပထမသက်တမ်းမှာ ကျွန်တော်တို့တစ်တွေကြုံတွေ့ခဲ့ရတဲ့ အလားတူများကို သင်ခန်းစာယူပြီးတော့ အင်မတန်အရေးကြီးတဲ့ ဘတ်ဂျက်နဲ့ပတ်သက်တဲ့ ပြည်ထောင်စုမှာသာ တင်သွင်းရမယ့် ဥပဒေကြမ်းသုံးရပ်ရှိပါတယ်။ ဒါကတော့ အမျိုးသားစီမံကိန်းဥပဒေ၊ ဘဏ္ဍာငွေအရအသုံးဥပဒေနဲ့ အခွန်အကောက်ဆိုင်ရာဥပဒေသုံးရပ်ရှိပါတယ်။ ဒီသုံးရပ်ကို လွှတ်တော်သစ်ကြီးထံမှာ ပြည်ထောင်စုအစိုးရအဖွဲ့ လက်ရှိအဖွဲ့ကနေ မတ်လ ၃၁ ရက်နေ့အထိ တာဝန်ရှိနေသေးတဲ့ လက်ရှိအဖွဲ့ကနေ တင်သွင်းပြီးတော့ အတည်ပြုထားခဲ့မှာဖြစ်ပါတယ်။ ဒီအတည်ပြုမယ့် ဥပဒေကြမ်းသုံးရပ်ကို ဆက်ခံပြီးတော့ ဆောင်ရွက်ရမယ့် အဖွဲ့အစည်းကတော့ နောက်ထပ်အသစ်ရွေးချယ်ထားမယ့် အစိုးရအဖွဲ့ဖြစ်နေပါတယ်။ ဒါကြောင့်မို့ ဒီလိုဆောင်ရွက်တဲ့နေရာမှာ အစိုးရအဖွဲ့ ကျွန်တော်တို့ အစိုးရအသစ်လို့လည်း ပြောလို့တော့မရပါဘူး။ အသစ်ဖွဲ့စည်းမယ့်အဖွဲ့အစည်းရဲ့ သဘောထားလေးရယူပြီးတော့ ညှိနှိုင်းဆောင်ရွက်ခြင်းက အဆင်ပြေမယ်ဆိုတဲ့ဟာအတွက် တွေးခေါ်မှုအရ ဒီအချက်ကို ဦးဝင်းသန်းရဲ့ပြင်ဆင်ချက်ကို ကျွန်တော်တို့ဥပဒေကြမ်းကော်မတီကလည်း သဘောတူခြင်းဖြစ်ပါကြောင်း ဖြည့်စွက်တင်ပြရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကဲ အခုအပိုဒ်တွေကျော်ပြီးတော့ ဆွေးနွေးသွားတာလည်း ကြားလိုက်ရပါတယ်။ ဒေါ်တင်နွယ်ဦး ထိုင်ပါ။ လွှတ်တော်ဥက္ကဋ္ဌပြောနေပါတယ်။ ဆက်စပ်ပြီးတော့ဥပဒေကြမ်းကော်မတီကနေပြီးတော့ ဆွေးနွေးတဲ့အခါမှာ ဘာပါလာလဲဆိုတော့ အစိုးရအဖွဲ့အဟောင်း၊ အစိုးရအဖွဲ့အသစ်ဖြစ်လာမယ့် နိုင်ငံတော်သမ္မတဆိုရင် သမ္မတလို့မခေါ်သေးပါဘူး။ စသည်ဖြင့်ပေါ့။ ဖြစ်လာမယ့်ကြားကာလမှာ တည်ငြိမ်ဖို့ အရေးကြီးပါတယ်။ ပြီးတဲ့အခါမှာ စနစ်တကျလွှဲပြောင်းနိုင်ဖို့လိုပါတယ်။ ဒီဥပဒေကြည့်လိုက်တဲ့အခါမှာ အဲဒီလို စနစ်တကျလွှဲပြောင်းနိုင်အောင် ဥပဒေအရ လွှဲကို လွှဲရမယ်ဆိုတဲ့ အနေအထားဖြစ်အောင် ဥပဒေပြဋ္ဌာန်းပေးတယ်လို့ ယူဆရပါတယ်။ ပြီးခဲ့တဲ့ နယကအစိုးရ၊ ကျွန်တော်တို့တပ်မတော်အစိုးရလက်ထက်တုန်းကတော့ အစိုးရဟောင်းက သက်သက်သူ့ရုံးနဲ့ သူ့ကနားနဲ့ ရှိနေပါတယ်။ အစိုးရသစ်ဖြစ်လာမယ့်အဖွဲ့အစည်းအတွက်လည်း သူ့ရုံးနဲ့သူ့နေရာ အသင့်ရှိနေပါတယ်။ ဒါကြောင့်မို့လို့ အစိုးရကို အာဏာလွှဲပြောင်းတဲ့အချိန်မှာ သူ့ရုံးပေါ်ထိုင် တစ်ခါတည်းလုပ်သွားနိုင်တဲ့အနေအထားရှိပါတယ်။ လာမယ့်ရွေးကောက်ပွဲပြီးတော့ အစိုးရအဖွဲ့သစ်၊ ပြည်ထောင်စုလွှတ်တော်က

ရွေးချယ်ပြီးတဲ့နောက်မှာ အချိန်ကာလတစ်ခုအထိ ရွေးချယ်တင်မြှောက်ခံအစိုးရအဖွဲ့အနေနဲ့ လွှတ်တော်ထဲမှာ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ဆက်လက်ရှိနေတဲ့အချိန် အစိုးရအဟောင်း သက်တမ်းကုန်သွားတဲ့အချိန်မှာ အဲဒီအဖွဲ့က အစိုးရဟောင်းရဲ့လုပ်ငန်းတာဝန်များကို ဆက်လက် တာဝန်ယူရမယ့်အဖွဲ့အတွက် ထိုက်သင့်တဲ့နေရာထိုင်ခင်း၊ ထိုက်သင့်တဲ့လုပ်ဆောင်ချက်တွေကို ကြိုတင်စီမံထားဖို့လိုတယ် ဆိုတဲ့အချက်ပဲသွားတွေ့ရပါတယ်။ ပြီးခဲ့တဲ့ နယက အစိုးရလက်ထက်က ကြည့်ပါ။ လွှတ်တော်ကြီး တည်ဆောက်ထားပေးသလို အစိုးရအဖွဲ့ရုံးတည်ဆောက်ပေးခဲ့တယ်။ လာမယ့်ရွေးကောက်ပွဲပြီး နောက်ပိုင်းမှာ အစိုးရသစ်ဖြစ်ပေါ်လာမယ့်အချိန်မှာ အစိုးရအသစ်ဖြစ်မယ့် အဖွဲ့အစည်းဟာ အစိုးရဟောင်းရဲ့သက်တမ်းကုန်တဲ့အချိန်မှာ ဒီတာဝန်တွေကို အလွယ်တကူယူနိုင်ဖို့ များစွာလိုပါတယ်။ အဲဒီ ရွေးချယ်တင်မြှောက်ပွဲကတစ်ဆင့် ပြည်ထောင်စုလွှတ်တော်က ရွေးချယ် ပေးလိုက်တဲ့ နိုင်ငံတော်သမ္မတအပါအဝင် အစိုးရအဖွဲ့များဟာ ပြည်ထောင်စုလွှတ်တော်က ရွေးချယ် တာဝန်ပေးလိုက်တဲ့အတွက် ဒီအဖွဲ့ကို နေရာပေး၊ တာဝန်ပေးဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ဆက်လက် ဆွေးနွေးသွားတဲ့အခါမှာ ဒီကိစ္စဟာ နိုင်ငံအတွက် အင်မတန်အရေးကြီးတဲ့ကိစ္စရပ်တစ်ခုဖြစ်တဲ့အတွက် ဒီဥပဒေအသစ်ပြဋ္ဌာန်းဖို့အတွက် ဆောင်ရွက်ခြင်းဟာ လွှတ်တော်အတွက်တော့ အင်မတန်အရေးကြီး ပြီးတော့ ဆောင်ရွက်သင့်တဲ့ကိစ္စတစ်ခုဖြစ်တယ်လို့ပဲ ယေဘုယျခြုံပြီးတော့ ပြောခြင်းဖြစ်ပါတယ်။ သို့ရာတွင် ဦးဝင်းသန်းတင်ပြတဲ့အတိုင်းပဲ အပိုဒ်လိုက်၊ အပိုဒ်လိုက် ဆွေးနွေးဆုံးဖြတ်ရမှာဖြစ်တဲ့ အတွက် ဦးဝင်းသန်း အဆိုပြုတင်ပြချက်အပေါ် လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ရန်ရှိတဲ့လူ မတ်တပ်ရပ်ပါ။ ရေတွက်ပါ။ ဒီဘက် အကန့် ၁ က ဘယ်လောက်ရှိပြီလဲ။ ကိုဝေလင်းမှန်လား။ ၉၉ ယောက်။ အကန့် ၂ က ၇ ယောက်။ ဦးစိုးဝင်း အပါအဝင်ပေါ့နော်။ အကန့် ၃ မှာမရှိဘူး။ အကန့် ၄ မှာ ၂ ယောက်။ ပေါင်းဘယ်လောက်လဲ။ ၁၀၈ ယောက်။ အားလုံးထိုင်နိုင်ပါပြီ။ ကြားနေရှိပါက မတ်တပ်ရပ်ပါ။ မရှိပါဘူး။ ဒါကြောင့် ထောက်ခံ ဆန္ဒမဲများတဲ့အတွက် ဦးဝင်းသန်း၊ သာပေါင်းမဲဆန္ဒနယ်ရဲ့ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၆ ဖြစ်ပါတယ်။ ဦးဝင်းသန်း ဆွေးနွေးတင်ပြဖို့ဖြစ်ပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အပတ်စဉ် ၆ မှာ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၀၂ ၏နောက်မှာ ပုဒ်မ ၁၀၂ ပုဒ်မခွဲ(က)ကို အောက်ပါ အတိုင်း ဖြည့်စွက်အဆိုပြုလိုပါတယ်။ အဆိုပြုမည့်ဥပဒေကြမ်းစာသားမှာ ပြည်ထောင်စုအစိုးရအဖွဲ့

သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၀ အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူနှင့် ဒုတိယ သမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ခံရသူများအတွက် ထိုသူများ ပြည်ထောင်စုလွှတ်တော်၌ ကတိသစ္စာမပြုရသေးမီကာလအတွင်း အစိုးရသစ်ဖွဲ့စည်းရေးဆောင်ရွက်နိုင်ရန် အဆင့်အတန်းနှင့် လျော်ညီသော ရုံးခန်းများ၊ ဝန်ထမ်းများ၊ ရုံးအသုံးအဆောင်ပစ္စည်းကိရိယာများ၊ လုံခြုံရေးနှင့် နေထိုင်ရေးတို့အတွက် ဆောင်ရွက်ပေးရမည်ဟု အဆိုပြုတင်ပြလိုပါတယ်။ ကျိုးကြောင်းဖော်ပြချက်အားဖြင့် ကျွန်တော်တို့ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲအပြီးမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အစ အစိုးရသစ် ရွေးကောက်တင်မြှောက်တဲ့အခါမှာ ကျွန်တော်တို့ရဲ့ လက်ရှိနိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ဟာ နာယကအစိုးရ အဖွဲ့ရဲ့ဝန်ကြီးချုပ်အနေနဲ့ ဒီလွှတ်တော်ထဲမှာပဲ ထိုင်နေဆဲဖြစ်ပါတယ်။ မလွဲပြောင်းခင်မှာ ရွေးကောက်တင်မြှောက်ထားပြီးတော့ လွှတ်တော်ထဲမှာ အစိုးရအဖွဲ့ထိုင်နေဆဲမှာပဲ ကျွန်တော်တို့ လွှတ်တော်တွေဟာ အဆိုနှင့်မေးခွန်းတွေကို သွားနေပြီဆိုတာ မှတ်တမ်းတွေပြန်ကြည့်ရင် သိနိုင်ပါတယ်။ ဒါပေမဲ့ အဲဒီအချိန်တုန်းက ဒီက လွှတ်တော်အစည်းအဝေးတွေပြီးလို့ရှိရင် ရွေးကောက်တင်မြှောက်ပြီးသားဖြစ်တဲ့ ဒုတိယသမ္မတနှင့် သမ္မတများ၊ အစိုးရအဖွဲ့ဝင်များဟာ သက်ဆိုင်ရာအစိုးရအဖွဲ့ရုံးဟောင်း၊ ဝန်ကြီးချုပ်ရုံးဟောင်းတွေဟာ သက်ဆိုင်ရာလုံခြုံရေးအဆင့်အတန်းတွေနဲ့ ပြန်လည်ထွက်ခွာသွားနိုင်ကြတာဖြစ်ပါတယ်။ အခုတစ်ကြိမ်မှာတော့ ဒီလိုမျိုးထပ်တူတူချင်မှတူနိုင်ပါမယ်။ မတူနိုင်တဲ့အခါမှာ ကျွန်တော်တို့နိုင်ငံအတွက် အဓိကအလေးထားရမယ့်ကိစ္စဟာ တည်ငြိမ်အေးချမ်းရေးဖြစ်ပါတယ်။ အထူးသဖြင့် ဒုတိယသမ္မတနှင့် နိုင်ငံတော်သမ္မတများကို တစ်ရက်တည်းနှင့်အပြီး ရွေးကောက်တင်မြှောက်နိုင်ခြင်းမရှိပါဘူး။ အင်မတန်အခက်အခဲရှိတယ်ဆိုတာ တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဒုတိယသမ္မတများ တင်မြှောက်ပြီးတဲ့ရက်တစ်ရက်ကို ကျွန်တော်တို့ မှန်းကြည့်ရင် လွှတ်တော်အစည်းအဝေးပြီးတဲ့အချိန်မှာ တင်မြှောက်ခြင်းခံထားရတဲ့ ကတိသစ္စာမပြုရသေးတဲ့ ဒုတိယသမ္မတများ၊ လွှတ်တော်မှ သူတို့နေထိုင်တဲ့ သက်ဆိုင်ရာအိမ်အသီးသီးကို၊ ရုံးအသီးသီးကို ပြန်လည်ထွက်ခွာမယ့်ခရီးစဉ်ရှိပါတယ်။ ဒီအချိန်မှာ လုံခြုံရေးပေးမထားနိုင်ဘူးဆိုရင် ကျွန်တော်တို့နိုင်ငံတည်ငြိမ်အေးချမ်းမှုကို မလိုလားတဲ့သူတွေရဲ့ အနှောက်အယှက်ဟာ ဘယ်သူမှ အတိအကျမျှော်မှန်းထားလို့ မရပါဘူး။ သမ္မတအဖြစ် မတင်မြှောက်ရသေးခင်မှာ လုံခြုံရေးမပေးနိုင်လို့ တစ်ခုခုဖြစ်သွားခဲ့ရင် ကျွန်တော်တို့ ကြိုးပမ်းထားသမျှအားလုံး သဲထဲရေသွန်ဖြစ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုအနေအထားကို ကြိုတင်မျှော်လင့်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံရဲ့လက်ရှိတည်ဆောက်ထားတဲ့ အသုံးအဆောင်ပစ္စည်းများရဲ့အနေအထားအားဖြင့် ဆောင်ရွက်နိုင်ဖို့လည်း အခက်အခဲမရှိဘူးလို့

ယူဆရတဲ့အတွက် ဒီလိုအပ်ချက်ကို အတိအကျဥပဒေပြဋ္ဌာန်းပြီး ဖြည့်ဆည်းပေးလိုတဲ့အတွက် ယခုပုဒ်မ အသစ် ၁၀၂ ပုဒ်မခွဲ(က)ကို တင်သွင်းရခြင်းဖြစ်ပါတယ်။ သို့ပါ၍ ကျွန်တော်တင်သွင်းထားသည့် အခြေအနေအတိုင်း လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးလေးစားစား တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ဒုတိယရှေ့နေချုပ်က ရှင်းလင်းဆွေးနွေးရန်ရှိက ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ သီးခြားတင်ပြရန်မရှိပါဘူး။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးတင်ပြရန်ရှိက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဦးဝင်းသန်း၏ တင်ပြချက်များကို အားလုံးသဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းသန်းရဲ့ အဆိုပြုတင်ပြချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးဝင်းသန်းရဲ့ အဆိုပြုတင်ပြချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၃ အမှတ်စဉ် ၇ ဦးဝင်းသန်း၊ သာပေါင်းမဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအပိုဒ်ကလည်း ရှေ့က အသစ်ဖြည့်စွက်အတည်ပြုလိုက်တဲ့ ပုဒ်မ ၁၀၂ ပုဒ်မခွဲ(က)နှင့်အလားတူ ပုဒ်မ ၁၀၂ ပုဒ်မခွဲ(ခ) ဖြစ်ပါတယ်။ ဒီအပိုဒ်ကတော့ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များအတွက် ခုနလိုပဲလိုအပ်ချက်အရ လွှတ်တော်ထဲမှ အစိုးရအဖွဲ့သစ်နေရာသို့ မရွှေ့ပြောင်းမီမှာ လိုအပ်တဲ့ရုံးခန်း၊ ဝန်ထမ်း၊ အသုံးအဆောင်ပစ္စည်းကိရိယာ၊ လုံခြုံရေးတို့ စီစဉ်ပေးဖို့ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ဆိုတာဟာ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၀ အရ နိုင်ငံတော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းသည်ဆိုတဲ့နေရာမှာ (က) နိုင်ငံတော်သမ္မတ၊ (ခ) ဒုတိယသမ္မတများ၊ (ဂ) ပြည်ထောင်စုဝန်ကြီးများ၊ (ဃ) ပြည်ထောင်စုရှေ့နေချုပ်ဆိုပြီးတော့ အပိုဒ် လေးပိုဒ် ပါဝင်ပါတယ်။ အဲဒီအပိုဒ် လေးပိုဒ်ထဲမှာပါဝင်တဲ့ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုရှေ့နေချုပ်တို့ကိုဆိုလိုခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်တင်သွင်းလိုသည့်အဆိုမှာ ပုဒ်မ ၁၀၂

ပုဒ်မခွဲ(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂၊ ပုဒ်မ ၂၃၈၊ ပုဒ်မ ၂၄၂၊ ပုဒ်မ ၂၉၉၊ ပုဒ်မ ၃၂၇ နှင့် ပုဒ်မ ၃၉၈ တို့အရ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် ရရှိပြီးသော ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များနှင့် ဤဥပဒေအရခန့်အပ်တာဝန်ပေးသည့် ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များအတွက် ထိုသူများ ပြည်ထောင်စုလွှတ်တော်၌ ကတိသစ္စာမပြုရသေးမီကာလ အတွင်း ဆောင်ရွက်ရန်ရှိသည့်လုပ်ငန်းကိစ္စများအတွက် ရုံးခန်းနှင့် ဝန်ထမ်းများ၊ ရုံးအသုံးအဆောင် ပစ္စည်းကိရိယာများနှင့် လုံခြုံရေးတို့ကို စီစဉ်ပေးရမည်ဟု အဆိုတင်သွင်းခြင်းအား လွှတ်တော်မှ သဘောတူအတည်ပြုပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ သီးခြားတင်ပြရန် မရှိ ပါဘူး။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ပထမပြဋ္ဌာန်းတဲ့ နိုင်ငံတော် သမ္မတ၊ ဒုတိယသမ္မတရွေးကောက်တင်မြှောက်ခံရသူများနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များနှင့် ကွာခြားချက်လေးတစ်ချက်ရှိပါတယ်။ နေထိုင်ရေးကိုတော့ စီစဉ်မပေးဖို့ဆိုတာလေး၊ ဒါလေးပါပါတယ် ဗျ။ အဲဒီတော့ ဦးဝင်းသန်းရဲ့တင်ပြချက်ကို သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းသန်းရဲ့ အဆိုပြုတင်ပြချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ တစ်ယောက်ရှိပါတယ်။ ကြားနေရှိလို့ရှိရင် မတ်တပ်ရပ်ပေးပါ။ ထောက်ခံဆန္ဒမဲများတဲ့အတွက် ဦးဝင်းသန်းရဲ့ အဆိုပြုတင်ပြချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၈ ဦးဝင်းသန်း အဆိုပြုတင်ပြဖို့ ဖြစ်ပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အမှတ်စဉ် ၈ မှာလည်း မူလပုဒ်မ ၁၀၂ မှာ ရှေ့ကအပိုဒ်များနှင့် လိုက်လျောညီထွေစွာ ပြည့်စုံ အောင်တင်သွင်းခြင်းဖြစ်ပါတယ်။ ပုဒ်မ ၁၀၂ ပုဒ်မခွဲ(ဂ) အဖြစ်တင်သွင်းရန်ဖြစ်ပါတယ်။ အကျိုး အကြောင်းဖော်ပြချက်ကတော့ ခုနက ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဒုတိယရှေ့နေချုပ်ကြီးလည်း တင်ပြတဲ့အထဲမှာ ပါဝင်သွားပြီး ဖြစ်ပါတယ်။ ယခုလက်ရှိသက်တမ်းမကုန်မီမှာကိုပဲ အစိုးရသစ် လွှဲပြောင်းရတဲ့အခါမှာ ပုံမှန်ချောမွေ့သောလွှဲပြောင်းနိုင်ရေးကို ကြိုတင်ညွှန်ကြားစီစဉ်ထားပြီလို့

သိရှိရပါတယ်။ သို့ရာတွင် ဥပဒေရဲ့လုပ်ထုံးလုပ်နည်းနဲ့ ဥပဒေရဲ့အနှစ်သာရကြောရိုးအရ ပြည့်စုံစွာ ထည့်သွင်းပြဋ္ဌာန်းထားရှိတဲ့ သဘောအတိုင်းသာ တင်သွင်းခြင်းဖြစ်ကြောင်း ကြိုတင်အစီရင်ခံအပ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော် တင်သွင်းလိုသည့်အဆိုမှာ ပုဒ်မ ၁၀၂ ပုဒ်မခွဲ(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မခွဲ(က) မိမိ၏ပုံမှန်သက်တမ်းကုန်ဆုံးသည့်အခါ အသစ်ဖွဲ့စည်းမည့် ပြည်ထောင်စုအစိုးရအဖွဲ့သစ်သို့ မိမိ၏လုပ်ငန်းတာဝန်များကို လွှဲပြောင်းနိုင်ရေးအတွက် ပုံမှန်သက်တမ်းမကုန်ဆုံးမီ ကြိုတင်၍ ပြင်ဆင်ဆောင်ရွက် ထားရှိရမည်။ ပုဒ်မခွဲ(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သစ်ကျမ်းသစ္စာကျိန်ဆိုပြီးသည်နှင့် တစ်ပြိုင်နက် တာဝန်ကို စနစ်တကျလွှဲပြောင်းရမည်။ ပုဒ်မခွဲ(ဂ) အစိုးရအဖွဲ့အဟောင်းနှင့်အသစ်ကြား လွှဲပြောင်းမှုစာရွက်စာတမ်းများကို အမျိုးသားမော်ကွန်းတိုက်တွင် မှတ်တမ်းတင်သိမ်းဆည်းနိုင်ရန် ပေးပို့ရမည်ဟူ၍ အဆိုပြုတင်ပြချက်အား ပြည်သူ့လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းသန်းရဲ့အဆိုပြုတင်ပြချက်အပေါ် အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဆွေးနွေးရန်ရှိက ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုတရားရှေ့နေချုပ်ရုံး)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းသန်းရဲ့အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးဝင်းသန်းရဲ့အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသော ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်သည့်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသောပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကြမ်းကို ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၂၀ ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနား။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနား။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၂၀ ခန့် ခေတ္တရပ်နားပါသည်။ ]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနား။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနား။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနား။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ပြည်သူ့လွှတ်တော်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသော ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသော ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၈)ရက်မြောက်နေ့ဖြစ်သော ၂၂-၆-၂၀၁၅ ရက်တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများ ဥပဒေကြမ်းတစ်ခုလုံးပါ ဆွေးနွေးမှာဖြစ်ပါတယ်။ ယခု စတင်ဆောင်ရွက်ပါမယ်။ ကန့်လန့်ဖြတ်ဇယားကို အသုံးပြုမှာဖြစ်ပါတယ်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၁ အမှတ်စဉ် ၄ ဗိုလ်မှူးချုပ်ဒွေးနိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးချုပ်ဒွေးနိုင်(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါ

စေလို့ ဦးစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမှတ်စဉ် ၄ အပိုဒ် ၂ နှင့်ပတ်သက်ပြီးတော့ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(ခ)၌ပါရှိသော ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများဆိုသည့် စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာစည်းရုံးရေးလုပ်ငန်းများဆိုသည့်စကားရပ်ဖြင့် အစားထိုးခြင်းနှင့် ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ဒီဟာကို ပယ်ဖျက်ပြီးတော့ ယခင်မူလအတိုင်းပဲ ထားရှိရန် အဆိုပြုတင်ပြလိုပါတယ်။ အကျိုးအကြောင်းဖော်ပြချက်ကိုပြောရရင်တော့ ဒီဥပဒေလည်း ခုနက ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေအတိုင်း ဖြစ်ပါတယ်။ ဒီဥပဒေဟာ စပြီးတော့ နိဒါန်းမှာပါကတည်းက ကျွန်တော် ခုနကတင်ပြခဲ့သလိုပဲ ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုလည်းကောင်း၊ ဥပဒေရုံးအဆင့်ဆင့်၏ ဥပဒေအရာရှိများ တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုလည်းကောင်း သတ်မှတ်နိုင်ရန်အလို့ငှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ နှင့်အညီ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်လို့ ဖော်ပြတဲ့အတွက် အခြေခံဥပဒေနှင့်အညီသာလျှင် ရေးသားထားခြင်းဖြစ်ကြောင်း ကျွန်တော်တို့အနေနဲ့ တင်ပြလိုပါတယ်။ ခုနတုန်းက ကိုယ်စားလှယ်ကြီးတစ်ဦးကနေ ပုဒ်မ ၄၄၆ နဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးသွားတဲ့အပြင်ကို ဆွေးနွေးချက်က အခြေခံဥပဒေကို မကာကွယ်တဲ့အပြင် ပျက်စီးရာပျက်စီးကြောင်းဆိုတဲ့ သဘောမျိုး ဆွေးနွေးသွားတာ ကြားလိုက်ရပါတယ်။ ပုဒ်မ ၄၄၆ ကို ပြန်ပြီးတော့ ကြည့်မယ်ဆိုလို့ရှိရင်လည်း တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်လို့ အတိအလင်းရေးထားတာဖြစ်ပါတယ်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ ဒီမှာ ဘာတွေရေးထားသလဲဆိုလို့ရှိရင် ပုဒ်မ ၄၄၃ ဟာ ဒီအတိုင်းပဲရေးထားတာပါ။ ဘာမှပြုပြင်ခြင်း၊ ပြောင်းလဲခြင်းမရှိပါဘူး။ ထို့အတူပဲ ၄၄၃ အရလည်း လက်ရှိ ကျွန်တော်တို့ ဆွေးနွေးနေတဲ့ ဥပဒေ(၇)ခုမှာလည်း ဒီအတိုင်းပဲ ရေးဆွဲထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ကတော့ လက်ရှိဒီဥပဒေထဲမှာ ဆွေးနွေးထားတဲ့ ပုဒ်မများသည် အခြေခံဥပဒေနဲ့ညီတာဖြစ်တဲ့အတွက် လက်ရှိ ဒီကနေ့ အပိုဒ် ၂ ကိုပယ်ဖျက်မယ့်အစား မူလအတိုင်းထားရှိဖို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းသန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အပိုဒ် ၄ နှင့်ပတ်သက်လို့

ကျွန်တော်က ဥပဒေကြမ်းကော်မတီက အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထောက်ခံတင်ပြမှာဖြစ်ပါတယ်။ ဒီနေရာမှာလည်း ပြင်ဆင်ချက်ကတော့ ပြင်ဆင်ချက်ရဲ့ကာလဟာ အထွေထွေရွေးကောက်ပွဲကာလကို ရည်ညွှန်းပါတယ်။ စာသားအားဖြင့် ဥပဒေကြောင်းအရ အစားထိုးတယ်လို့ပြောပေမယ့် တကယ်တမ်း ကတော့ မူလစကားရပ် ရွေးကောက်ပွဲဆိုင်ရာပါတီစည်းရုံးရေးလုပ်ငန်းထဲက ပါတီဆိုတဲ့စကားလုံး တစ်ခုကိုပဲ ဖြုတ်တာဖြစ်ပါတယ်လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကို တင်ပြလိုပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့က ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပထမ အလားတူအပိုဒ်မှာ ဆွေးနွေးသွားတုန်းကပါ တာတစ်ချက်ရှိပါတယ်။ နိုင်ငံသားတစ်ယောက်ရဲ့ ရွေးကောက်ခံပိုင်ခွင့်အခွင့်အရေးကို ထိခိုက်မှာ စိုးရိမ်ရတဲ့အနေအထားမျိုး ဆွေးနွေးသွားတယ်လို့ ကျွန်တော်တို့ မှတ်ယူရပါတယ်။ သို့ရာတွင် တကယ် တမ်းက ကျွန်တော် အချိန်ကိုငဲ့ညှာသောအားဖြင့် Power Point တော့ ပြန်မတင်တော့ပါဘူး။ Power Point မှာ ကျွန်တော်တင်ပြထားတဲ့အတိုင်းဆိုရင် သူ့သက်ဆိုင်ရာကိုယ်စားပြုမယ့် မိခင်ပါတီကလည်း သူ့အလုပ်ကိုသူလုပ်ပေးနေမှာဖြစ်ပြီးတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ခွင့်ပြုတဲ့ရက်မှာ လည်း ကိုယ်စားလှယ်လောင်းက မိမိကိုယ်တိုင်ဆောင်ရွက်ခွင့်ရှိပြီးသားဖြစ်ပါတယ်။ ဒီဆောင်ရွက်ခွင့် ကို ဒီပါတီဆိုတဲ့စကားလုံးတစ်လုံးဖြုတ်ရုံနဲ့ ပိတ်ပင်ထားခြင်းမရှိပါဘူး။ ဒုတိယတစ်ခုကတော့ ကျွန်တော်တို့က ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်လို့ပြင်ရပါတယ်လို့ပဲပြောပြော၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးက မဆန့်ကျင်ပါဘူးလို့ပဲပြောပြော၊ တပ်မတော်သားကိုယ်စားလှယ်ဘက်က ဆွေးနွေးတဲ့ နေရာမှာ မဆန့်ကျင်ပါဘူးလို့ပဲပြောပြော၊ ကျွန်တော်တို့ရေးရာဆောင်များမှာ ညှိနှိုင်းဆွေးနွေးတဲ့နေရာ မှာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ညီညွတ်ပါတယ်လို့ မဆန့်ကျင်ပါဘူးလို့ပဲပြောပြော ဒီနေရာ ဌာနလေးခုနဲ့ ကိုယ်စားပြုပုဂ္ဂိုလ်လေးယောက်က ကျွန်တော်အပါအဝင် ပြောတဲ့ပြောဆိုချက်တွေဟာ ဆွေးနွေးချက်သာလျှင်ဖြစ်ပါတယ်။ ဆန့်ကျင်ခြင်း၊ မဆန့်ကျင်ခြင်းကို ဆုံးဖြတ်ပေးနိုင်တာက တရားဝင် အဆိုပြုချက်တင်ပြီးတော့မှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့ရုံးမှာပဲ ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့က ဆွေးနွေးချက်အနေနဲ့သာ အထောက်အထားတွေနဲ့ ဆွေးနွေးခြင်းဖြစ်ပြီးတော့ ကျွန်တော်တို့က ဆန့်ကျင်နေပါတယ်ပြောတာကိုလည်း အတည်ယူလို့မရသလို၊ မဆန့်ကျင်ပါဘူးလို့ ပြောတာကိုလည်း အတည်ယူလို့မရပါဘူး။ ဒီနေရာမှာ တစ်ဆက်တည်း ကျွန်တော်တင်ပြလိုတာက ကျွန်တော်တို့ ဆုံးဖြတ်သင့်တယ်ထင်လို့ ဆုံးဖြတ်ပြီးရင် ဒီဥပဒေဟာ မပြီးပြတ်နိုင်ပါဘူး။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၅ မှာ နိုင်ငံတော်သမ္မတမှသည် ပြည်ထောင်စုရွေးကောက်ပွဲ

ကော်မရှင်ဥက္ကဋ္ဌအထိ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်ခုနစ်ဦးက အခြေခံဥပဒေဆိုင်ရာခုံရုံးကို တိုက်ရိုက်တင်သွင်းခွင့်ရှိပြီးသားဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ်တွေကသာလျှင် တင်သွင်းပေးရမှာဖြစ်ပါတယ်။

ထို့အတူ အခြေခံဥပဒေ ၃၂၆ မှာ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်မှသည် ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ အနည်းဆုံး ၁၀ ရာခိုင်နှုန်းတို့သည် သတ်မှတ်တဲ့ နည်းဥပဒေနည်းလမ်းအတိုင်း တင်သွင်းခွင့်ရှိပြီးသားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီကနေ့ ဆုံးဖြတ်တဲ့နေရာမှာတော့ ဆန့်ကျင်သလား၊ ညီညွတ်သလားဆိုတာထက် ဒီပြင်ဆင်ချက်ဟာ သင့်လျော်၏၊ မသင့်လျော်၏အပေါ်မှာပဲ ဆွေးနွေးရမှာ၊ ကိုယ်စားလှယ်ကြီးများက စဉ်းစားပေးရမှာဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ကျွန်တော့်အနေနဲ့ အပိုဒ်တိုင်းအတွက် သက်ရောက်မယ့်စကားရပ်ကို တင်ပြလိုတာကတော့ အခုလာမယ့်ရွေးကောက်ပွဲတစ်ခုဟာ ကျွန်တော်တို့ရဲ့ ပါတီစုံဒီမိုကရေစီခြေလှမ်းမှာ အရေးကြီးတဲ့အပြောင်းအလဲအပိုင်းဖြစ်ပါတယ်။ ရွေးကောက်ပွဲဆိုင်ရာနေရာ ဥပမာအားဖြင့် ၁၀၀၀ မှာ အပြန်အလှန်စွပ်စွဲကြတာဟာ ၅၀၀ လောက် ပေါ်လာပြီဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းမှုနှင့်ပုံရိပ်က ကမ္ဘာ့အလယ်မှာ မကောင်းနိုင်ပါဘူး။ ဒါကြောင့်မို့လို့ အခုကတည်းက စကားရပ်တွေ၊ စာသားတွေ၊ လုပ်ရှားမှုတွေဟာ တိတိ ကျကျရှိထားရင် အဲဒီရွေးကောက်ပွဲလွန်ရလဒ်ရဲ့ကာလကို ကောင်းစွာအထောက်အကူပြုနိုင်မယ်လို့ ယုံကြည်တဲ့အတွက် တစ်ဖက်က ဥပဒေကြမ်းကော်မတီအနေနဲ့ တင်သွင်းတယ်လို့ ကျွန်တော်တို့အနေနဲ့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုပါ အကျိုးအကြောင်းဖော်ပြချက်များအရ ရွေးကောက်ခံလိုသောကိုယ်စားလှယ်လောင်းရဲ့ နိုင်ငံသားရဲ့ အခွင့်အရေးလည်းဆုံးရှုံးမှုမရှိတဲ့၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့လည်း ရှင်းရှင်းလင်းလင်းဖြစ်စေလိုတဲ့ ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်အတိုင်း ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းဆိုတဲ့စကားရပ်ကို ပါတီဖြုတ်၍အစားထိုးခြင်းအား လွှတ်တော်မှ အတည်ပြုထောက်ခံပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ထောက်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**။ ။ ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ(က)ပါ အခြေခံမူနဲ့အညီ ပြဋ္ဌာန်းထားတာဖြစ်တဲ့အလျောက် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ဆန့်ကျင်တယ်ဆိုနိုင်မယ်မဟုတ်ဘူးလို့ ကျွန်တော်တို့က ဒါတင်ပြတာဖြစ်ပါတယ်။ ဆန့်ကျင်ပါတယ်။ မဆန့်ကျင်ပါဘူး ကျွန်တော်တို့လည်း ဒါမဆုံးဖြတ်

ပါဘူး။ ကျွန်တော် တို့သုံးသပ်ယူဆချက်ဟာဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူနှင့်အညီ Su Bordinate Law မှာ ထပ်ပြီးတော့ ပြဋ္ဌာန်းတာဖြစ်တဲ့အတွက်ကြောင့် ဒါဟာဆန့်ကျင်မယ်လို့မဆိုနိုင်ဘူးလို့ ကျွန်တော်တို့အနေနဲ့ ယူဆတဲ့အကြောင်း တင်ပြခြင်းဖြစ်ပါတယ်။ တစ်ဖက်မှာလည်း အခုပြင်ဆင်လိုက်တဲ့ ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းဆိုတဲ့အသုံးဟာ ပိုပြီးတော့ကျယ်ပြန့်တဲ့သဘောရှိပါတယ်။ တကယ်လို့ ခုနက ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဆွေးနွေးစဉ်မှာတုန်းကလည်း ဆွေးနွေးသွားတာတော့ ကျွန်တော်တို့ ကြားလိုက်တာရှိပါတယ်။ ခုနက ဥပဒေကို ဆန့်ကျင်တယ်လို့ ယူဆတဲ့အတွက်ကြောင့်မို့လို့ ဥပဒေကို Letter လိုပြင်ဆင်လိုခြင်းဖြစ်တယ်။ ခုနက လုပ်ငန်းကို ဒါပြင်ဆင်နေတာမဟုတ်ဘူးဆိုတာလေး ကြားလိုက်ရတာရှိပါတယ်။ ကျွန်တော်တို့လည်း ဒါဥပဒေကြမ်းကော်မတီအစည်းအဝေးများမှာ ယခင်ကြိုတင်ညှိနှိုင်းတုန်းက တက်ရောက်ခဲ့ပါတယ်။ ဒါတွေလည်း ကျွန်တော်တို့ ညှိနှိုင်းခဲ့ဖူးတာရှိပါတယ်။ အဲဒီတုန်းကလည်း ဒီသဘောမျိုး မူအားဖြင့်လက်ခံခဲ့ကြတာရှိပါတယ်။ ဒါကြောင့်မို့လို့ တကယ်တမ်း ဒီလိုဆောင်ရွက်တဲ့နေရာရှိနေတယ်၊ လုပ်ဆောင်ခွင့်တွေရှိတယ်ဆိုလို့ရှိရင်တော့ ဒါကလည်း ခုနက ဒီဆောင်ရွက်ခွင့်၊ လုပ်ဆောင်ခွင့်တွေကို အသိအမှတ်ပြုလက်ခံပေးဖို့ ကျွန်တော့်အနေနဲ့ လွှတ်တော်ကို တင်ပြအပ်ပါတယ်။ တခြား ကျွန်တော်တင်ပြရန်မရှိပါဘူး။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ အခုကိစ္စမှာ ဆန့်ကျင်တယ်ဆိုတဲ့ဟာကို ကျွန်တော့်အနေနဲ့ တင်ပြရမယ်ဆိုလို့ရှိရင် မြင်တွေ့ရုံမျှနဲ့ လုံလောက်ထင်ရှားတဲ့ အထောက်အထားရှိတဲ့ကိစ္စမျိုးမှာ သီးခြားသက်သေထူရန်မလိုသလို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအနေနဲ့လည်း သိသာထင်ရှားတဲ့စကားရပ်များအပေါ် အဓိပ္ပာယ်ဖွင့်ဆိုခြင်းမပြုဘဲ ဥပဒေဆိုင်ရာနက်နဲခက်ခဲ တဲ့ပြဿနာနဲ့စကားရပ်များအပေါ်တွင်သာ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းများဆောင်ရွက်တာဖြစ်တယ်ဆိုတဲ့အကြောင်း တင်ပြလိုပါတယ်။ ဒါကြောင့်လည်းပဲ ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၂၅ မှာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တိုက်ရိုက်တင်သွင်းခွင့်ရှိသူများနှင့် ပုဒ်မ ၃၂၆ မှာ သတ်မှတ် နည်းလမ်းများနှင့်အညီ ခုံရုံးသို့ တင်သွင်းခွင့်ရှိသူများဆိုပြီး ကန့်သတ်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့ အဓိကတာဝန်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များရဲ့ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုခြင်းဆိုတာ မှန်ပေမယ့်လို့ အစောတုန်းက ကျွန်တော်တင်ပြသလို မြင်တွေ့ရုံမျှနှင့် လုံလောက်တဲ့

အထောက်အထားရှိတဲ့ကိစ္စမျိုးကိုဆိုလို့ရှိရင် ကျွန်တော်တို့ သီးခြားတင်ပြဖို့မရှိပါဘူး။ ဒါဟာ ဆန့်ကျင်တယ်ဆိုတဲ့ဟာ သီးခြား ကျွန်တော်တို့ ဒီဥပဒေနှစ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းချက်နဲ့ ဆင့်ပွားဥပဒေမှ ပြဋ္ဌာန်းချက်ဟာ ဆန့်ကျင်နေတဲ့ဟာက သိသာထင်ရှားနေပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီအနေနဲ့လည်း ၄၄၆ အရ ဒါမညီညွတ်နေတဲ့ဟာကို ညီညွတ်အောင်၊ ဆန့်ကျင်နေတဲ့ဟာကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ညီညွတ်အောင် ပြင်ဆင်ခြင်းဖြစ်ပါကြောင်း တင်ပြရင်းနဲ့ မိမိတို့ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်ကို အတည်ပြုပေးနိုင်ပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုချက်အား လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ ရေတွက်ပါ။ ၉၉ ယောက် အပေါင်း ၆ ယောက် ၁၀၅ ယောက်။

**ဥက္ကဋ္ဌ**။ ။ ထောက်ခံဆန္ဒများတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသော ပြည်ထောင်စုရွေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသော ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ ဆက်လက်ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား ဆက်လက်ဆောင်ရွက်ပါမယ်။ ကန့်လန့်ဖြတ်ဇယားအမှတ်စဉ် ၄ ဗိုလ်မှူးချုပ်ဌေးနိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးချုပ်ဌေးနိုင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပတ်သက်ပြီးတော့ အမှတ်စဉ် ၄ အပိုဒ် ၂ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(ခ)တွင်ပါရှိသော ရွေးကောက်ပွဲဆိုင်ရာ

ပါတီ စည်းရုံးရေးလုပ်ငန်းဆိုသည့် စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းဆိုသည့် စကားရပ်အဖြစ် အစားထိုးခြင်းအား ပယ်ဖျက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းသန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အရှေ့က ပြင်ခဲ့တဲ့ ဥပဒေများနဲ့ အလားသဏ္ဌာန်တူပါတယ်။ ဒီနေရာမှာ ကျွန်တော် ပြန်ပြီးတော့ ထပ်ဆင့်ပြီး တင်ပြလိုတာကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၅ ပုဒ်မခွဲ(က)မှာ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ဒုတိယပြည်ထောင်စုစာရင်းစစ်ချုပ်တို့၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်လို့ ပါရှိနေသလို ဥပဒေကြမ်းကော်မတီရဲ့ ကျိုးကြောင်းဖော်ပြချက်ထဲမှာလည်း ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ မိမိ၏ရာထူးသက်တမ်းအတွင်းလို့ ပြောတဲ့အတွက် ဒီရာထူးသက်တမ်းအခေါ်အဝေါ်က ရှင်းလင်းပြီးသားဖြစ်ပါတယ်။ သိသာထင်ရှားပြီးသားဖြစ်ပါတယ်။ ထို့အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ခွင့်ပြုတဲ့ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးကာလမှာလည်း ပါတီလုပ်ငန်းကလွဲလို့ ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းတစ်ယောက်အနေနဲ့ အခွင့်အရေးရှိပြီးသား ဖြစ်ပါတယ်။ တစ်ခြားထပ်ဆင့်ရှင်းလင်းရန် မလိုအပ်တော့ဘူးလို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းဇယားအပိုဒ် ၄ အမှတ်စဉ် ၂ ဥပဒေကြမ်းကော်မတီက အဆိုပြုပြင်ဆင်ချက်အတိုင်း လွှတ်တော်မှ အတည်ပြုပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမျိုးမြင့်(ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေ။ ကျွန်တော် ဒုတိယစာရင်းစစ်ချုပ်အနေဖြင့် ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းတဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ပြင်ဆင်ခြင်းမပြုဘဲနဲ့ နဂိုအတိုင်းပဲ ထားရှိသင့်ပါကြောင်းဆိုတဲ့ ကျွန်တော့်ရဲ့ အယူအဆကို ဆွေးနွေးတင်ပြခွင့်ပြုပါ။ ဥပဒေကြမ်းမှာ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ(ခ)တွင်ပါရှိတဲ့ ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံး

ရေးလုပ်ငန်းဆိုတဲ့စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာစည်းရုံးရေးလုပ်ငန်းဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်ရန် ဖော်ပြထားပါတယ်။ အဲဒီလိုပြင်ဆင်ရခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၂ ပုဒ်မခွဲ(ဆ)ပါပြဋ္ဌာန်းချက်နဲ့ ဆန့်ကျင်နေတဲ့အတွက်ဖြစ်ကြောင်း ဥပဒေကြမ်းတင်သွင်းရခြင်းရဲ့ ရည်ရွယ်ချက်ကိုလည်း တွေ့ရှိရပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၂ ပုဒ်မခွဲ(ဆ)မှာ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် နိုင်ငံရေးပါတီတစ်ခုခုရဲ့ အဖွဲ့ဝင်ဖြစ်လျှင် ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့် နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင် ရွက်ခြင်းမပြုရလို့ အတိအလင်းတားမြစ်ထားပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ် ချုပ်အဖြစ် ခန့်အပ်ထားချက်အရ စာရင်းစစ်လုပ်ငန်းတာဝန်များ ထမ်းရွက်တဲ့အခါမှာ စာရင်းစစ်ရဲ့ လွတ်လပ်မှု Auditor Indepentent ရှိစေဖို့အတွက် လုပ်ငန်းများတွင်ကျယ်အောင် ဆောင်ရွက်နိုင်ဖို့ အာရုံစူးစိုက်ပြီး ဆောင်ရွက်နိုင်ဖို့အတွက် အဲဒီလိုတားမြစ်ထားခြင်းဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဒါဟာ အပြည်ပြည်ဆိုင်ရာ စာရင်းကိုင်စံများနဲ့လည်းကိုက်ညီပါတယ်။ အဲဒီလို တားမြစ်ပင် တားမြစ်ထားသော်လည်းပဲ ပုဒ်မ ၂၄၂ ရဲ့ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲ(စ)ပါ ပြဋ္ဌာန်းချက်များနှင့် မတူဘဲနဲ့ ပါတီမှနုတ်ထွက်ရမယ်လို့ ယတိပြတ်ပြဋ္ဌာန်းချက်ဖော်ပြချက်မရှိတာကို ကျွန်တော်သတိပြုမိ ပါတယ်။ ပုဒ်မခွဲ(င)မှာတော့ ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစပြီးတော့ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ် သည်ဟုမှတ်ယူရန် ပုဒ်မခွဲ(စ)မှာတော့ ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရန်ဆိုပြီးတော့ အတိအလင်းပြဋ္ဌာန်းထားပါတယ်။ သို့ရာတွင် ပုဒ်မခွဲ(ဆ)အရ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက် ခွင့်မရှိသော်လည်း ပါတီကနုတ်ထွက်ရမည်ဆိုတဲ့ အချက်မပါရှိတဲ့အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်ဟာ မူလကပါတီတစ်ခုခုမှာ အဖွဲ့ဝင်ဖြစ်ခဲ့ပါက ပါတီမှနုတ်ထွက်မှု မပြုမချင်း သို့မဟုတ် ပါတီဝင်အဖြစ်မှထုတ်ပယ်မှုမပြုမခြင်း ပါတီဝင်အဖြစ် ဆက်လက်ပြီးတော့ တည်ရှိနေမှာပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ မည်သည့်ပါတီရဲ့ ပါတီဝင်မှ မဟုတ်ပါဘူးခင်ဗျား။ သီးခြားခန့်အပ်ခြင်းခံရတဲ့သူဖြစ်ပါတယ်။ အခုဟာကလည်း ကျွန်တော့်ကို ဆွေးနွေးတင်ပြခွင့်ပြုတဲ့ အတွက် ကျွန်တော့်ရဲ့အမြင်ကို ဆွေးနွေးတင်ပြခြင်းဖြစ်ပါတယ်။ ပုဒ်မ ၂၄၂ ပုဒ်မခွဲ(ဆ)ရဲ့ အနှစ်

သဘောအရ ပြောရမယ်ဆိုရင် ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်ဟာ သူ့ကို ဥပဒေအရ အပ်နှင်းထားတဲ့ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာမှာ လွတ်လပ်မှုအနေအထား ထင်ရှားစေရေးအတွက် ပါတီလုပ်ငန်းစဉ်များမှ သီးခြားကင်းလွတ်နေစေရန် အစီအမံချထားတာကို လည်းတွေ့ရပါတယ်။ တစ်ချိန်တည်းမှာပဲ သူ့ရဲ့နိုင်ငံသားအခွင့်အရေးအရ နှစ်သက်ယုံကြည်ရာ ပါတီ တစ်ခုမှာ အဖွဲ့ဝင်ဖြစ်ခွင့်၊ အဖွဲ့ဝင်အဖြစ် ဆက်လက်တည်ရှိခွင့်ကို ပိတ်ပင်ခြင်းမပြုဘဲနဲ့ ဆက်လက် ဖြစ်တည်ခွင့်ပြုထားခြင်းဖြစ်တယ်လို့လည်း တွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရွေးကောက်ပွဲဝင်မယ့် ပါတီဝင်တစ်ဦးဟာ တကယ့်တကယ်တော့ ရွေးကောက်ပွဲစည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်တဲ့ နေရာမှာ သက်ဆိုင်ရာ နိုင်ငံရေးပါတီရဲ့ ရွေးကောက်ပွဲစည်းရုံးရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း မူဘောင်များ ပါတီတစ်ရပ်ဆုံးဖြတ်ချက်များနဲ့အညီ ဆောင်ရွက်ခွင့်ရှိတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(ခ)မှာပါရှိတဲ့ ရွေးကောက်ပွဲဆိုင်ရာပါတီစည်းရုံးရေး လုပ်ငန်းဆိုတဲ့ စကားရပ်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၂ ပုဒ်မခွဲ(ဆ) ပြဋ္ဌာန်းချက်ရဲ့ အနှစ် သဘောနဲ့ ဆန့်ကျင်ခြင်းမရှိဘဲနဲ့ ထိုပြဋ္ဌာန်းချက်ရဲ့အနှစ်သဘောကိုလည်း ပိုမိုပြီးတော့ အားကောင်း စေတယ်၊ ကိုက်ညီစေတယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဒါကြောင့် ပြည်ထောင်စုစာရင်း စစ်ချုပ်ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(ခ)တွင်ပါရှိတဲ့ ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းဆိုတဲ့ စကားရပ်ကို ပြင်ဆင်ခြင်းမပြုဘဲနဲ့ ထိုအတိုင်းသာ ထားရှိသင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးရန်ရှိတာ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအခုတင်ပြခဲ့တဲ့ ဥပဒေများဟာဆိုလို့ရှိရင် ဆင့်ပွားဥပဒေများဖြစ်ပါတယ်။ ဆင့်ပွားဥပဒေဆိုတာ ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရတဲ့ ဥပဒေတွေပဲ ဖြစ်တယ်လို့ ကျွန်တော်နားလည်ပါတယ်။ ဒီမှာ ဖွဲ့စည်းပုံအခြေခံဥပဒေတွေနဲ့ပတ်သက်ပြီးတော့ အစောတုန်းက ကျွန်တော်ရှင်းလင်း တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမဲ့လို့ ဒီဆင့်ပွားဥပဒေမှာကိုက ပြည်ထောင်စုစာရင်းစစ်ချုပ်နဲ့ ဒုတိယစာရင်းစစ်ချုပ်နဲ့ပတ်သက်ပြီးတော့ ပုဒ်မ ၇ (က) မှာ ပြည်ထောင်စုစာရင်းစစ်ချုပ်နဲ့ ဒုတိယစာရင်းစစ်ချုပ်တစ်ဦးဦးသည် (က) လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်သော်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းသော်လည်းကောင်း၊ နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်သော်လည်းကောင်း ဖြစ်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၄ ပုဒ်မခွဲ (င)၊ (စ)၊ (ဆ)နဲ့

ပုဒ်မ ၂၄၄ ပုဒ်မခွဲ(ဂ) တို့ပါပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်ရမည်ဆိုပြီးမှ ဆိုထားပါတယ်။ အဲဒီပုဒ်မ ၇ (က) မှာ ဘာဆိုထားသလဲဆိုလို့ရှိရင် ဒီ ၂၄၂ (ဆ)ကို တင်ပြရမယ်ဆိုလို့ရှိရင် ပြည်ထောင်စု စာရင်းစစ်ချုပ်သည် နိုင်ငံရေးပါတီတစ်ခုခုရဲ့ အဖွဲ့ဝင်ဖြစ်တယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသည့်နေ့မှစ၍ မိမိရာထူး သက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရလို့ တိတိကျကျပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၇ (ခ)မှာ ကျပြန်တော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာတဲ့နေ့မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်နှင့်ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများ ကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်ဆိုတော့ (က)နှင့်(ခ)ကိုက အဲ့ဒီမှာ သဘောထားကွဲလွဲမှုမညီဘူး ဖြစ်နေတယ်။ ဒါကြောင့် ဒီဥပဒေမှာကိုက (က) နဲ့လိုက်လျောညီထွေမှုဖြစ်အောင် ဒါပြည်သူ့ရေးရာစီမံ ခန့်ခွဲရေးကော်မတီအနေနဲ့ ဒီဥပဒေကိုပြင်ဆင်ခြင်းဖြစ်တဲ့အကြောင်းကို ကျွန်တော့်အနေနဲ့ တင်ပြ လိုပါတယ်။ အဲဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်အတိုင်းပဲ အတည်ပြုပေးပါရန် လေးစားစွာဖြင့်ပဲတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင် အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ခုနကအတိုင်းပဲ ၁၀၅ ယောက်။ ထိုင်နိုင်ပါပြီ။ ထောက်ခံဆန္ဒမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသော ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကိုတတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။

**ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကြမ်းနဲ့ ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်ပါမယ်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၁ အမှတ်စဉ် ၄ ဖြစ်ပါတယ်။ ဗိုလ်မှူးချုပ်ဌေးနိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးချုပ်ဌေးနိုင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်ကတော့ လက်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး အမှတ်စဉ် ၄ အပိုဒ် ၂ နှင့်ပတ်သက်ပြီးတော့ ပယ်ဖျက်ပေးဖို့နဲ့ မူလအတိုင်းထားရှိရန် အဆိုတင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းသန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ကို ပြင်ဆင်သည့်ဥပဒေအပိုဒ်မှာ ဥပဒေကြမ်းကော်မတီက အဆိုပြုပြဋ္ဌာန်းချက်ကလည်း ရှေ့က ဥပဒေကြမ်းများနှင့် အလားတူဖြစ်ပြီးတော့ ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းဆိုတဲ့စာသားမှာ ပါတီဆိုတဲ့စာသားကိုဖြုတ်ပြီးတော့ ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းကိုသာလျှင် ရွေးကောက်ပွဲခွင့်ပြုတဲ့ကာလမှာ တိတိကျကျပြန်လည်ထည့်သွင်းရန် အဆိုပြုတယ်လို့ မှတ်ယူပါတယ်။ ဒီနေရာမှာ တစ်ခုထူးခြားတာက ရှေ့မှာ ကျွန်တော်တို့ ပြင်ဆင်ချက် တွေဆွေးနွေးခဲ့တုန်းက ရာထူးသက်တမ်းဆိုတဲ့ စကားရပ် အဓိကပါဝင်သလို ရာထူးသက်တမ်းအတွင်း ကျွန်တော်တို့ ပါတီအဖွဲ့အစည်းရဲ့ ပါတီလုပ်ငန်းများမှာ ပါဝင်ဆောင်ရွက်ခြင်းမပြုရဆိုတဲ့ အဓိက ဇာတ်ဆောင်စကားလုံးများပါဝင်ပါတယ်။ ဒီပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေမှာကျတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၄၆ ပုဒ်မခွဲ(ခ) ပုဒ်ခွဲငယ်(၆)က သတ်မှတ်ချက်ဒီဂရီ ပိုပြီးတော့ မြင့်တယ်လို့ တွေ့ရှိရပါတယ်။ အဲဒါကတော့ ပါတီနိုင်ငံရေးလှုပ်ရှားမှုကိုသာမက နိုင်ငံရေးပါတီဝင်မဟုတ်သူလို့ ထပ်ဆင့်ပြီးတော့ ဖော်ပြထားပါတယ်။ ပါတီဝင်တော့ဖြစ်တယ်။ ဖြစ်လို့ရတယ်။ ပါတီနိုင်ငံရေးတော့ လှုပ်ရှားလို့မရဘူးဆိုတဲ့ ဒီဂရီနဲ့ နိုင်ငံရေးပါတီဝင်မဟုတ်သူဆိုတဲ့ သတ်မှတ်ချက်က ပိုပြီးတော့ ရှင်းလင်းပါတယ်။ ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄၆ ပုဒ်မခွဲ(င)မှာ ပြည်ထောင်စုရာထူးဝန်

အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ သက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ရာထူးသက်တမ်းအတိုင်းဖြစ်သည်ဆိုတဲ့အတွက် ရွေးကောက်ပွဲကော်မရှင်က ခွင့်ပြုတဲ့ မဲဆွယ်စည်းရုံးရေးကာလမှာ ပါတီဝင်မဟုတ်သော အနေအထားနှင့်သာ သူကတော့သွားခွင့်ရှိတယ်ဆိုတဲ့ အဓိပ္ပာယ်သက်ရောက်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံရေးပါတီဝင်မဟုတ်သူလို့ တိတိကျကျ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် ဒီဥပဒေ Mother Law နဲ့ ထပ်ဆင့်တဲ့ ဥပဒေတို့လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်တယ်လို့ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်ကို ယုံကြည်ပါတယ်။ သို့ဖြစ်ပါ၍ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်အဆိုပြုပြဋ္ဌာန်းချက်အတိုင်း လွှတ်တော်ကြီးမှ ထောက်ခံအတည်ပြုပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ထောက်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်ကျော်ဌေး(အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်ကျန်းကျန်းမာမာ၊ စိတ်ချမ်းချမ်းသာသာနဲ့ မင်္ဂလာအပေါင်းပြည့်ဝပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းတဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းအပေါ် ရှင်းလင်းဆွေးနွေးတင်ပြလိုပါတယ်ခင်ဗျား။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါတယ်။ ဒီ ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့ဆိုတာဟာ ကျွန်တော်တို့ရဲ့ မိခင်ဥပဒေကြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ၂၉-၅-၂၀၀၈ ရက်နေ့က အတည်ပြုပြီးသားဖြစ်တဲ့အတွက် ဒီမိခင်ဥပဒေကြီးရဲ့နောက်မှ ပေါ်လာတဲ့ဥပဒေတစ်ခုဖြစ်ပါတယ်ခင်ဗျား။ ဒီဥပဒေအတွက် ကျွန်တော်တို့ ၂၀၁၉ ခုနှစ်မှာ မူကြမ်းစတင်ရေးဆွဲပြီး ထိုစဉ်က ပုဒ်မ ၇ ပုဒ်မခွဲ(ခ)ကို ကျွန်တော်တို့အနေနဲ့ ရေးဆွဲထားခြင်းမရှိခဲ့ပါဘူး။ ဥပဒေကြောင်းနှင့် ညီညွတ်မှုရှိ/မရှိ ရှိရန်သာ အသုံးအနှုန်းများမှန်ကန်စေရန် ထိုစဉ်က အတွင်းရေးမှူး(၁)ဦးဆောင်တဲ့ ဥပဒေကြမ်းကော်မရှင်ကို ကျွန်တော်တို့ တင်ပြခဲ့ပါတယ်။ ဒီလို အကြိမ်ကြိမ်တင်ပြတဲ့အခါမှာ သတ္တမအကြိမ်မှာ အခြားဝန်ကြီးဌာနရဲ့ ဖွဲ့စည်းပုံများနည်းတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ အပိုဒ်ခွဲ(က)တွင် ပြဋ္ဌာန်းထားတဲ့ နိုင်ငံသားတိုင်းဟာ ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်

ခံခွင့်ရှိတယ်ဆိုတဲ့ စကားရပ်နှင့်အညီ ဥပဒေကော်မရှင်အဖွဲ့ကနေပြီးတော့ ထပ်မံထည့်သွင်းဖြည့်စွက်ထားတာဖြစ်ပါတယ်။ ကျွန်တော်တို့ ရာထူးဝန်အဖွဲ့ဥပဒေဟာ ဗဟိုအဖွဲ့အစည်းတစ်ခုဖြစ်တဲ့အလျောက်ရှေ့က အစီအစဉ်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့က ဆွေးနွေးတင်ပြခဲ့တဲ့အချက်တွေနဲ့လည်း နည်းတူပါတယ်။ ကျွန်တော်တို့ဟာ ဒီရာထူးဝန်အဖွဲ့ဥပဒေနှင့်အညီ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့မှာကျင်းပတဲ့ ရွေးကောက်ပွဲကိုလည်း အောင်မြင်စွာ ကျွန်တော်တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဒီလက်ရှိအခြေအနေမှာ ဒီဥပဒေရေးဆွဲတဲ့သူဟာ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေကြီးပြီးမှ ရေးဆွဲတာဖြစ်တဲ့အတွက် ဒီရာထူးဝန်အဖွဲ့မှာ အားနည်းချက်၊ အားသာချက်က မရှိလောက်ဘူးလို့ သုံးသပ်ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဒီရွေးကောက်ပွဲမှာ ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းဆိုတဲ့စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းဆိုတဲ့ စကားရပ်နဲ့ အစားထိုးပြင်ဆင်ရန် လိုအပ်ခြင်းရှိမယ်မထင်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဥပဒေကြမ်းကော်မတီ**။ ။ အထူးတင်ပြရန်မရှိပါဘူး။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုတင်ပြချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ထိုင်နိုင်ပါပြီ။ ထောက်ခံဆန္ဒမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီကတင်သွင်းသော နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ ဆက်လက်ပြီး နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးပါမယ်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၁ အမှတ်စဉ် ၄ ဗိုလ်မှူးဇော်ဝင်းနိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးဇော်ဝင်းနိုင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇော်ဝင်းနိုင် ဖြစ်ပါတယ်။ ကျွန်တော်အခုဆွေးနွေးမှာက နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့် ပတ်သက်ပြီးတော့ကား အဆိုပြုပြဋ္ဌာန်းချက်ဖြစ်တဲ့ ရွေးကောက်ပွဲဆိုင်ရာပါတီစည်းရုံးရေးလုပ်ငန်း ဆိုတဲ့စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာစည်းရုံးရေးလုပ်ငန်းဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည် ဆိုတဲ့ အဆိုပြုပြဋ္ဌာန်းချက်အပေါ်မှာ ပယ်ဖျက်ပြီးတော့ မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိရန် ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ အဲဒီတော့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ(က)မှာ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်လို့ပါရှိပါတယ်။ ဒါဟာ ကိုယ်စားလှယ်များအားလုံးအသိပဲဖြစ်ပါတယ်။ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၅ ပုဒ်မခွဲ(က)အပြင် နေပြည်တော်ကောင်စီဥပဒေပုဒ်မ ၄ ပိုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ)အရ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ နဲ့လည်းကိုက်ညီတယ်။ ပြီးတဲ့အခါ ပုဒ်မ ၁၂၂ နဲ့လည်း ငြိစွန်းခြင်းမရှိတာထင်ရှားပါတယ်။ ဒါကြောင့် နေပြည်တော်ကောင်စီဝင်အားလုံးဟာ နိုင်ငံသားများရဲ့ မူလအခွင့်အရေးအရ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိပါတယ်။ အဲဒီအပြင်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ ပုဒ်မခွဲ(ဂ)အရလည်း ပါတီတစ်ရပ်ရပ်မှာ ပါတီဝင်အဖြစ် ဝင်ခွင့်ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၅ ပုဒ်မခွဲ(ဆ)မှာရော တခြားမည်သည့်ဥပဒေများမှာမဆို နိုင်ငံရေးပါတီတစ်ခုရဲ့ နိုင်ငံရေးပါတီဝင်တစ်ဦးမဖြစ်ရလို့ ကန့်သတ်ထားတာမပါရှိပါဘူး။ အခုပြင်ဆင်ရန် တင်ပြတဲ့တင်ပြချက်မှာ ညွှန်းဆိုထားတဲ့အခြေခံဥပဒေပုဒ်မ ၂၈၅ ပုဒ်မခွဲ(ဆ)မှာပါရှိတဲ့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီအဖွဲ့ဝင်တစ်ဦးသည် ခန့်အပ်တာဝန်ပေးခံရသည့်နေ့မှစပြီး မိမိရာထူးသက်တမ်းအတွင်း ၎င်းပါတီ၏ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရလို့ဆိုတဲ့အချက်ဟာ ရွေးကောက်ပွဲကျင်းပရန် ရွေးကောက်ပွဲကော်မရှင်က ကြေညာတဲ့နေ့ရက်ရောက်ရင် ဒီဥပဒေအရ ချွင်းချက်ပြုထားတဲ့သဘော သက်ရောက်နေတဲ့အတွက်ကြောင့် အကျုံးမဝင်တော့ပါဘူး။ အခုရွေးကောက်ပွဲကျင်းပမယ့်နေ့ရက်ကို မကြေညာသေးပါဘူး။ လျာထားကာလကိုပဲ ကြေညာထားတာဖြစ်ပါတယ်။ ရွေးကောက်ပွဲကျင်းပဖို့ သုံးလအလိုမှ Election Campaign စတင်တဲ့နေ့ရက် ရောက်ခါနီးမှကပ်ပြီး ကျင်းပမယ့်ရက်ကို အတိအကျကြေညာမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ နေပြည်တော်ကောင်စီဝင်များအနေနဲ့ နိုင်ငံသားများရဲ့မူလအခွင့်အရေးနှင့်အညီ ပါတီစည်းရုံးရေးလုပ်ငန်းတွေ၊ နယ်မြေစည်းရုံးရေးလုပ်ငန်းတွေကို တခြားကိုယ်စားလှယ်

လောင်းများနှင့်တန်းတူ ဆောင်ရွက်ခွင့်ရရှိရမှာ ဖြစ်ပါတယ်။ အခုဆွေးနွေးနေတဲ့မူလပုဒ်မ ၆ ပုဒ်မခွဲ (ခ)ကလည်း ဒါကိုပဲ ညွှန်းဆိုထားပြီးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရွေးကောက်ပွဲဝင်ရမယ့် ကိုယ်စားလှယ်လောင်းအများစုဟာ နိုင်ငံရေးပါတီတစ်ခုရဲ့ နိုင်ငံရေးပါတီဝင်တွေဖြစ်ကြတာ ရာခိုင်နှုန်း အများစုဖြစ်ပါတယ်။ နိုင်ငံရေးပါတီဆိုတာဟာ နိုင်ငံရေးသမားတွေရဲ့ အမိအဖ(မိဘ)ပဲဖြစ်ပါတယ်။ နိုင်ငံရေးပါတီမရှိတဲ့ နိုင်ငံရေးသမားဟာ မိဘမရှိတဲ့ သားသမီးတစ်ယောက်လိုပဲ။ ဘယ်လိုပြောမလဲ။ မျက်နှာငယ်ရတာဖြစ်ပါတယ်။ အဲဒီတော့ ရွေးကောက်ခံရခြင်းဟာဆိုလို့ရှိရင်လည်း မဲဆန္ဒနယ်ရှင်တွ အနေနဲ့ ကိုယ်စားလှယ်တစ်ဦးရဲ့ Individual Image ကိုပဲ ကြည့်ပြီးတော့ မဲပေးတာမဟုတ်ဘဲနဲ့ ပါတီရဲ့ Image ကိုပါ ကြည့်ပြီးတော့ ဆုံးဖြတ်ရတာဖြစ်ပါတယ်။ ဒါ့ကြောင့် အဲဒီလူများမှာလည်း ပါတီ Image ရဖို့ ပါတီနိုင်ငံရေးကို Election Campaign စတင်တဲ့ ဒီသုံးလမှာ နိုင်ငံသားအခွင့်အရေး တန်းတူရရှိပြီးတော့ ပါတီစည်းရုံးရေးကိုပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ရဖို့လိုပါတယ်။ ဒါဟာ နိုင်ငံသား တိုင်းရဲ့ မူလအခွင့်အရေးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီအနေနဲ့ အခုဆွေးနွေးနေတဲ့ ပုဒ်မ ၆ ပုဒ်မခွဲ(ခ)ကို ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မကိုက်ညီပါလို့ ဆုံးဖြတ်ခွင့်မရှိပါဘူး။ ရှေ့မှာလည်း ဦးဝင်းသန်း တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် ပြင်ဆင်ရန် မလိုအပ်ပါဘူး။ ပြင်ဆင်ပြဋ္ဌာန်းချက်အတွက် ဖော်ပြထားတဲ့ရှင်းလင်းချက်မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၅ ပုဒ်မခွဲ(ဆ)ကို ပိုမိုကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းထား သည်ဟုယူဆပါသဖြင့်လို့ မရဲတရဲတင်ပြထားတာတွေ့ရပါတယ်။ အဲဒီဖော်ပြချက်မှာပါတဲ့ ယူဆပါ သဖြင့်ဆိုတဲ့စကားလုံးဟာ သံသယဖြစ်ဖွယ်အဆင့်မှာသာရှိကြောင်း ဖော်ညွှန်းနေပါတယ်။ ဥပမာ- တရားရုံးများရဲ့ စီရင်ဆုံးဖြတ်ချက်သဘောအရ သံသယဖြစ်ဖွယ်ရှိရုံနဲ့ ပြစ်ဒဏ်စီရင်လို့မရပါဘူး။ သံသယအကျိုးခံစားခွင့်ကို စွပ်စွဲခံရသူ သို့မဟုတ် တရားခံကိုပေးပြီး တရားသေ သို့မဟုတ် တရားရှင် လွှတ်ပေးရပါတယ်။ ထိုနည်းတူပဲ ယခုပြင်ဆင်ရန်တင်ပြချက်ဟာ သူ့ကိုယ်၌က မခိုင်မာတဲ့အတွက် ကြောင့် ပုဒ်မ ၆ ပုဒ်မခွဲ(ခ)ကို သံသယအကျိုးခံစားခွင့်ပေးရမှာဖြစ်တဲ့အတွက်ကြောင့် တရားမျှတစွာနဲ့ စဉ်းစားဆုံးဖြတ်ရလို့ရှိရင် ပြင်ဆင်ရန်မလိုအပ်တာကြောင့် မူလအတိုင်းပဲ ထားရှိစေရန် တင်ပြအပ်ပါ တယ်။ နောက်ပြီးတော့ ခုနက ဦးဝင်းသန်း ဆွေးနွေးသွားတာရှိပါတယ်။ ဒီကိစ္စမှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ကိုက်ညီ၏/မကိုက်ညီ၏ကို ဆုံးဖြတ်ရမှာမဟုတ်ပါဘူး။ ဒါဟာ ဒီဥပဒေကို ဒီလိုပြင်ဆင်ဖို့ သင့်လျော်၏/မသင့်လျော်၏ဆိုတာကိုပဲ ဆုံးဖြတ်ရမှာဆိုတဲ့စကားလေးပြောသွားပါတယ်။ ဒီစကားမှန်

ပါတယ်။ အလွန်ကို ကျွန်တော် ထောက်ခံပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒါကိုသင့်တော်၏/ မသင့်တော်၏ကို ကျွန်တော်တို့ စဉ်းစားကြည့်ရအောင်ပါ။ အဲဒီတော့ ကျွန်တော်တို့ တက်ရောက်လာကြတဲ့လွှတ်တော်ကိုယ်စားလှယ်အားလုံးကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာနဲ့တင်ပြပါတယ်။ ကျွန်တော်တို့ ဤလွှတ်တော်ထဲမှာရောက်ရှိနေတဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံးသည် အသက် ၃၅ နှစ်ပြည့်ပြီးပြီဆိုလို့ရှိရင် နေပြည်တော်ကောင်စီဝင်တစ်ဦးဖြစ်လာနိုင်တဲ့ အရည်အချင်းနဲ့ပြည့်စုံသောသူများပဲဖြစ်ကြပါတယ်။ အကယ်၍ ကျွန်တော်တို့ တစ်စုံတစ်ဦးသည် နေပြည်တော်ကောင်စီဝင်တစ်ဦးအဖြစ် တာဝန်ပေးအပ်ခံရပြီဆိုလို့ရှိရင်၊ အချိန်ရောက်တဲ့အခါကျလို့ရှိရင် ကျွန်တော်တို့ ရွေးကောက်ပွဲဝင်ချင်စိတ်ပေါ်လာမယ်ပေါ့။ ဒါကို ဇာတ်သမားများ ဆိုင်းသံကြားလို့ရှိရင် ကချင်တယ်ဆိုတဲ့သဘောအတိုင်းပဲ။ အနားနီးလို့ဆိုင်းသံကြားလို့ ကဲရွေးကောက်ပွဲဝင်တော့မယ်ဆိုတဲ့အချိန်မှာ အဲဒီရွေးကောက်ပွဲဝင်လိုတဲ့ နေပြည်တော်ကောင်စီဝင်တစ်ဦးဟာ မိခင်ဖခင်ဖြစ်တဲ့၊ အမိအဖဖြစ်တဲ့ နိုင်ငံရေးပါတီ ကျောထောက်နောက်ခံမရှိဘဲနဲ့ သို့မဟုတ်လို့ရှိရင်လည်း နိုင်ငံရေးပါတီစည်းရုံးရေး ဆောင်ရွက်ခြင်းများကို မဆောင်ရွက်ဘဲနဲ့ သာမန် Campaign မှာဆောင်ရွက်တယ်။ နယ်မြေစည်းရုံးရေးလုပ်ငန်းကိုပဲ ဆောင်ရွက်ရမယ်ဆို သူ့မှာ လက်တစ်ဖက်ပြုတ်အားမရှိပါဘူး။ ဒါဟာ နိုင်ငံသားများရဲ့ မူလအခွင့်အရေးနဲ့လည်း မတရားရာကျပါတယ်ခင်ဗျား။ အဲဒါကြောင့် တက်ရောက်လာတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မှန်ကန်စွာစဉ်းစားဆုံးဖြတ်ပြီးတော့ သင့်၏/မသင့်၏ကို ဦးဝင်းသန်း ပြောသလို ဆုံးဖြတ်နိုင်အောင် ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် လွှတ်တော်ကို တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းသန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ပြန်လည်တင်ပြခွင့်ပြုပါခင်ဗျား။ ကိုယ်စားလှယ်ကြီးအချို့ဆွေးနွေးခဲ့သလို ရာထူးခန့်အပ်ထားတဲ့သက်တမ်းအတွင်းမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲကျင်းပရက် ကြေညာတဲ့အချိန်မှာ သက်ဆိုင်ရာရာထူးမှာရှိနေတဲ့ ပုဂ္ဂိုလ်ဟာ ကျွန်တော်တို့အောက်က အပြာပိုဒ်မှာ ခွင့်ပြုကာလအတွင်း မိမိအတွက် မဲဆွယ်စည်းရုံးခြင်းဆိုတာ ရှိပြီးသားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပါတီဆိုတဲ့စကားလုံးဖြုတ်ပြီးတော့ ပြင်ဆင်ပြဋ္ဌာန်းရုံနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ(က)အရ ပေးအပ်ထားတဲ့ နိုင်ငံသားတိုင်းရဲ့ ရွေးကောက်ခံပိုင်ခွင့်အခွင့်အရေးကို ပြစ်ပယ်လျစ်လျူရှုထားခြင်းမရှိပါဘူးလို့ ထပ်ဆင့်တင်ပြအပ်ပါတယ်။ နောက်တစ်ခုကတော့ ရွေးကောက်ပွဲ

ကျင်းပရက် ကြေညာလိုက်တာနှင့်တစ်ပြိုင်နက် ကွင်းဆင်းစည်းရုံးခွင့်ပြုတာနှင့် တစ်ပြိုင်နက် ဥပဒေထဲမှာပြဋ္ဌာန်းထားတဲ့ မိမိရာထူးသက်တမ်းဆိုတဲ့ ရာထူးသက်တမ်းကာလဟာ ရာထူးသက်တမ်းကာလအဖြစ်မှ ရပ်ဆိုင်းလိုက်ပြီလား၊ ရာထူးသက်တမ်းကာလအဖြစ် အကျုံးဝင်ဆဲဖြစ်ပြီလားဆိုတာလည်း ကျွန်တော်တို့ ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့ဘောင်ကို ကျော်လွန်နေပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီနေ့ကတော့ ပါတီဆိုတဲ့စကားလုံး ပါတီလှုပ်ရှားမှုမှာ မပါဘဲနဲ့ ကင်းကင်းရှင်းရှင်းနေနိုင်သင့်/မနေနိုင်သင့်၊ မိခင်ပင်ရင်းဥပဒေနဲ့ ထပ်ဆင့်ဥပဒေညီညွတ်အောင် ကျွန်တော်တို့လွှတ်တော်က ပြင်ပေးထားခဲ့သင့်/မသင့်ဆိုတာပဲ စဉ်းစားရတဲ့အပိုင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခြေခံဥပဒေပုဒ်မ ၂၈၆ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၁)မှာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်တို့၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်း ဖြစ်သည်လို့ဆိုတဲ့အတွက် မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရဆိုတဲ့အချက်ကို အကျိုးအကြောင်းဖော်ပြလျက် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်အဆိုပြုပြဋ္ဌာန်းတာဟာ သင့်လျော်တဲ့အတွက် ၎င်းပြင်ဆင်ချက်အတိုင်း အစားထိုးသည့်စကားရပ်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာထောက်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ နေပြည်တော်ကောင်စီမှ တင်ပြစရာရှိရင် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးမျိုးညွန့်(အဖွဲ့ဝင်၊ နေပြည်တော်ကောင်စီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျွန်တော် နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်မှ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းတဲ့ နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥပဒေကြမ်းမှာ နေပြည်တော်ကောင်စီဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(ခ)မှာပါဝင်တဲ့ ရွေးကောက်ပွဲဆိုင်ရာပါတီစည်းရုံးရေးလုပ်ငန်းဆိုတဲ့စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာစည်းရုံးရေးလုပ်ငန်းဆိုတဲ့စကားရပ်ဖြင့် အစားထိုးပြင်ဆင်လိုကြောင်း တင်သွင်းလိုသည့်ကိစ္စနှင့်ပတ်သက်၍ တင်ပြလိုခြင်းဖြစ်ပါတယ်ခင်ဗျား။ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များအနေဖြင့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ရပ်မှာ ပါဝင်ရွေးချယ်ရန် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအဖြစ် အမည်စတင်တင်သွင်းချိန်မှစပြီး အထွေထွေရွေးကောက်ပွဲကျင်းပတဲ့အချိန်ထိ ကာလတိုအတွင်းမှာပဲ စည်းရုံးရေးလုပ်ငန်းများကို

ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဤကဲ့သို့ဆောင်ရွက်ရာမှာ သက်ဆိုင်ရာပါတီကိုယ်စားပြုလုပ်ငန်းများကို ဆောင်ရွက်ရမှာပဲဖြစ်ပါတယ်။ ယခုပြင်ဆင်လိုတဲ့ဥပဒေကြမ်းအရ ပါတီဆိုတဲ့စကားလုံးကို ချန်လှပ်လိုက်ပါက ရွေးကောက်ပွဲဆိုင်ရာစည်းရုံးရေးလုပ်ငန်းများ၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ရတဲ့နေရာမှာ ပါတီနှင့်ပတ်သက်တဲ့ကိစ္စရပ်များကို စည်းရုံးပြောဆိုပိုင်ခွင့်မရှိတဲ့အနေအထား သက်ရောက်နိုင်ပါတယ်။ သက်ဆိုင်ရာပါတီဝင်တစ်ဦးအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာစည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်တဲ့အခါမှာ အခက်အခဲများရှိလာနိုင်ပါတယ်။ ပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ ရွေးကောက်ပွဲဆိုင်ရာစည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်ရာမှာ မိမိအောင်နိုင်ရေး၊ မိမိပါတီအောင်နိုင်ရေးအတွက် စည်းရုံးဆောင်ရွက်နိုင်ရန် အခွင့်အရေးရှိသင့်ပါတယ်။ ဒီအခွင့်အရေးကိုလည်း ခွင့်ပြုသင့်ကြောင်း ဥက္ကဋ္ဌကြီးကို ကျွန်တော်အထူး တင်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(ခ)တွင်ပါရှိသော ရွေးကောက်ပွဲဆိုင်ရာပါတီစည်းရုံးရေးလုပ်ငန်းဆိုသောစကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာစည်းရုံးရေးလုပ်ငန်းဆိုတဲ့စကားရပ်ဖြင့် အစားထိုးပြင်ဆင်ရန် မလိုအပ်ကြောင်း တင်ပြလိုပါတယ်ဥက္ကဋ္ဌကြီးခင်ဗျား။ အားလုံးကိုလေးစားပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ဟာ ဥပဒေပြုနေတာဖြစ်ပါတယ်။ ဥပဒေဆိုတာ တိကျဖို့၊ ခိုင်မာဖို့၊ ပြတ်သားဖို့၊ အဓိပ္ပာယ်ပေါ်လွင်ဖို့ လိုပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကြီးဟာလည်း ဥပဒေပြုအဖွဲ့အစည်းဖြစ်သလို အခြေခံဥပဒေကို အဓိကလေးစားလိုက်နာကြသူများဖြစ်ပါတယ်။ စောစောက ဆွေးနွေးသွားသလို ဥပဒေကြမ်းကော်မတီဟာ ဆုံးဖြတ်တဲ့ကော်မတီမဟုတ်ပါဘူး။ ဥပဒေရေးဆွဲတဲ့ကော်မတီလည်းမဟုတ်ပါဘူး။ ဥပဒေကြမ်းကော်မတီကတော့ စိစစ်ပြီးတော့ လွှတ်တော်ကိုတင်ပြပြီး လွှတ်တော်က အဆုံးအဖြတ်ရယူခြင်းသာဖြစ်ပါတယ်။ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီဘူး/ညီတယ်ဆိုတဲ့ဟာ ဒါဟာသက်ဆိုင်တဲ့ဥပဒေ၊ နည်းဥပဒေမှာရှိပြီးသားဖြစ်ပါတယ်။ ဒါပေမယ့် ဒီအခြေခံဥပဒေမှာ ဒါကိုမလုပ်ပါနဲ့ ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရလို့၊ မလုပ်ရလို့ ပြောထားတဲ့ဟာကို ထင်ပါတယ်။ ဒီလိုရည်ရွယ်ပါတယ်။ ဆိုနိုင်မှာမဟုတ်ပါဘူး။ မှတ်ယူရမှာဖြစ်ကြောင်း၊ ယေဘုယျကောက်ယူရမှာဖြစ်ကြောင်း၊ ချွင်းချက်ပြုပြီး ဆန့်ကျင်ခြင်းဟု

ဆိုနိုင်မှာမဟုတ်ကြောင်း၊ သံသယအကျိုးခံစားခွင့်မရ စတဲ့အသုံးအနှုန်းတွေနဲ့ အခြေခံဥပဒေကြီးကို ဒဲ့မလုပ်ပါနဲ့လို့ပြောထားတာကြီးကို လုပ်လို့ရအောင် ပြင်ဆင်နေကြရင်တော့ ကျွန်တော်တို့ တော်တော်ခက်ပါလိမ့်မယ်။ ကျွန်တော့်အနေနဲ့ သီးခြားဥပဒေအကြောင်းအရာမဆွေးနွေး လိုပါဘူး။ မလုပ်ပါနဲ့လို့ မပြုရလို့ပြောထားတာကို ပြုအောင်၊ ပြုကြမယ်ဆိုရင် အခြေခံဥပဒေနဲ့ ဒဲ့ဆန့်ကျင်နေတဲ့အတွက် ကျွန်တော်တို့ မတွေ့ရင်ကိစ္စမရှိပါဘူး။ တွေ့တယ်၊ တွေ့တဲ့သူကထောက်ပြတယ်။ ထောက်ပြလို့ပြင်ဖို့အတွက် ကျွန်တော်တို့ ပြင်ခြင်းဖြစ်ပါတယ်။ ဒါပြင်လိုက်တဲ့အတွက် လုပ်ငန်းကို အနှောင့်အယှက်မရှိပါဘူး။ လုပ်ငန်းများဟာလည်း ဆောင်ရွက်နိုင်ပါတယ်။ နိုင်ငံတကာကလည်း လက်ညှိုးထိုးစရာမရှိပါဘူး။ ပြည်တွင်းကလည်း လက်ညှိုးထိုးစရာမရှိပါဘူး။ လက်ညှိုးမထိုးနိုင်အောင်လို့ ဒါလေးပယ်ဖျက်ပေးတာကို သိလျက်နဲ့သိသိနဲ့ ကျွန်တော်တို့ အခြေခံဥပဒေကို မလေးစားရာများရောက်နေမလား။ ကာကွယ်ရာမရောက်ဘဲဖြစ်နေမလားဆိုပြီးတော့ ပြောကြားရခြင်းဖြစ်ပါတယ်။ တည့်တည့်ကြီးလွဲနေတာကို မျက်ကွယ်ပြုလို့မရပါဘူး။ ဥပဒေကြမ်းကော်မတီအနေနဲ့ တာဝန်ရှိ၍ တင်ပြရခြင်းဖြစ်ပါတယ်။ ဥပဒေပြုလွှတ်တော်ကြီးလည်း တာဝန်ရှိနေပါတယ်။ အခြားရည်ရွယ်ချက်များမရှိပါဘူး။ ဒါကြောင့်မို့ တခြားဘယ်ရည်ရွယ်ချက်နဲ့ ပြန်လည်ရှင်းလင်း ချေပနေသည်ဖြစ်ပါစေ။ အခြေခံဥပဒေက ဒဲ့ပြောနေလို့ မပြောရလို့ပြောတာကြီးကို ယူဆချက်နဲ့တော့ ပါတီရဲ့စည်းရုံးရေးလုပ်ငန်းကို ဆောင်ရွက်မယ်ဆိုတဲ့ဟာမျိုးကို ပယ်ဖျက်ပေးလိုက်ခြင်းဟာ အခြေခံဥပဒေကို လိုက်နာရန်ဖြစ်ပါကြောင်း။ သို့ဖြစ်ပါ၍ ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိချက်အတိုင်း လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အတည်ပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ အားလုံး ၁၀၅ ဦး ထိုင်လို့ရပါပြီ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို ထောက်ခံဆန္ဒမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသော နေပြည်တော်ကောင်စီ၏ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသော ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆက်လက်ဆွေးနွေးဆောင်ရွက်မှာဖြစ်ပါတယ်။ အမှတ်စဉ် ၄ ဗိုလ်မှူးဇော်ဝင်းနိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးဇော်ဝင်းနိုင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ဥပဒေကြမ်းဟာလည်း ယခင်ဆွေးနွေးခဲ့တဲ့ ဥပဒေကြမ်းနှင့် အခြေခံသဘောတရားချင်းအတူတူပဲဖြစ်တဲ့အတွက်ကြောင့် ကျွန်တော် ရှည်ရှည်မဆွေးနွေးတော့ပါဘူး။ အဲဒီတော့ ပြင်ဆင်ရန်တင်ပြချက်ကို ကန့်ကွက်ပြီးတဲ့အခါကျတော့ မူလအတိုင်း ထားရှိနိုင်ဖို့ကိုလည်း အဆိုပြုတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းသန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှေ့ကအတည်ပြုဆောင်ရွက်သွားတဲ့ ပြင်ဆင်အဆိုပြုချက်တွေနဲ့ အလားသဏ္ဍာန်တူတယ်ဆိုပေမယ့် ထူးခြားချက်နှစ်ခုရှိပါတယ်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက ဥပဒေကြမ်းကော်မတီအတွင်းရေးမှူးတင်ပြသလို လွဲနေတာကို တည့်တည့်ရှာတွေ့တာ ပုဒ်မတစ်ခုတည်းဖြစ်ပါတယ်။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၂၉ ပုဒ်မခွဲ(ခ)လို့ပဲ အဆိုပြုထားတာဖြစ်ပါတယ်။ ဒါပေမယ့် ဥပဒေကြမ်းကော်မတီက ထပ်မံစိစစ်လိုက်တဲ့အခါမှာ အလားတူ လွဲနေတဲ့ စာသားပြင်ဆင်ရန် နေရာကို နောက်ထပ် ပုဒ်မ ၄၇ ပုဒ်မခွဲ(ခ)မှာ တွေ့ရှိတဲ့အတွက် ကျွန်တော်တို့ ထောက်ခံတင်ပြမှာက နောက်ဆုံးတွေ့ရှိပြီးတော့ အဆိုပြုတင်ပြတဲ့ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၂၉ ပုဒ်မခွဲ(ခ)နှင့် နောက်ထပ်တွေ့ရှိတဲ့ ပုဒ်မ ၄၇ ပုဒ်မခွဲ(ခ)တို့တွင်ပါရှိသော ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းဆိုသည့်စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာစည်းရုံးရေးဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဆိုတဲ့ အပိုဒ်ကိုပဲ ထပ်မံပြီးတော့ ထောက်ခံတင်ပြမှာဖြစ်ပါတယ်။ ဒီနေရာမှာလည်း ရှေ့က အလားတူနေတဲ့ ပိုနေတာတစ်ခုရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၁ ပုဒ်မခွဲ(စ)မှာ နိုင်ငံရေးပါတီဝင်မဟုတ်သူလို့ ပြဋ္ဌာန်းထားတဲ့အတွက် နိုင်ငံရေးပါတီလုပ်ငန်းများဆိုတဲ့ စကားလုံးထက် ဒီဂရီ

ပိုမြင့်ပါတယ်။ နိုင်ငံရေးပါတီဝင်ကို ဖြစ်လို့မရပါဘူး။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ ထပ်မံအဆိုပြုတင်ပြချက်အတိုင်း လွှတ်တော်ကြီးက အတည်ပြုပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေနှင့်ပတ်သက်ပြီး သက်ဆိုင်ရာဌာနက ဆွေးနွေးတင်ပြရန်ရှိက ဆွေးနွေးတင်ပြရန်ဖြစ်ပါတယ်။

**ဦးမြင့်အောင်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမြင့်အောင်ဖြစ်ပါတယ်။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေမှာ ဥပဒေကြမ်းကော်မတီက မူလက ကျွန်တော်တို့ တရားစီရင်ရေးဥပဒေပုဒ်မ ၂၉ ပုဒ်မခွဲ(ခ)ကို ကျွန်တော်တို့ အစားထိုးဖို့အတွက် တင်ပြထားတာဖြစ်ပါတယ်။ အခု ထပ်မံပြီးတော့ ပုဒ်မ ၄၇ ပုဒ်မခွဲ(ခ)မှာပါရှိတဲ့ ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းဆိုတဲ့ စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးဆိုတဲ့စကားရပ်နဲ့ အစားထိုးရမည်လို့ ထပ်မံအဆိုပြုတင်ပြထားတာဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၀ ပုဒ်မခွဲ(က)မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားလွှတ်တော်ချုပ်နှင့် တရားသူကြီးများဟာ ပါတီနိုင်ငံရေးကင်းရှင်းရမှာဖြစ်ကြောင်း ဖော်ပြပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၃၀၁ ပုဒ်မခွဲ(စ)မှာတော့ နိုင်ငံရေးပါတီဝင်မဖြစ်ရဘူးလို့ ပြဋ္ဌာန်းထားပါတယ်။ နောက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၉ ပုဒ်မခွဲ(က)မှာတော့ တိုင်းဒေသကြီး/ပြည်နယ် တရားသူကြီးချုပ်နှင့် တရားသူကြီးတွေဟာ ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပြီး ပုဒ်မ ၃၁၀ ပုဒ်မခွဲ(စ)မှာတော့ နိုင်ငံရေးပါတီဝင်မဖြစ်ရဘူးလို့ပြဋ္ဌာန်းထားပါတယ်။ ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီက ရွေးကောက်ပွဲဆိုင်ရာပါတီစည်းရုံးရေးလုပ်ငန်းဆိုတဲ့စကားရပ်ကို ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးဆိုတဲ့စကားရပ်နှင့် အစားထိုးဖို့တင်ပြထားတဲ့ကိစ္စနှင့်ပတ်သက်ပြီး ပုဒ်မ ၂၉ ပုဒ်မခွဲ(ခ)ကို စဉ်းစားမယ်ဆိုရင် ပုဒ်မ ၄၇ ပုဒ်မခွဲ(ခ) မှာပါရှိတဲ့ အချက်တွေကိုလည်း ပြင်ဆင်ဖို့အတွက် တစ်ပါတည်းစဉ်းစားသင့်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးရန်ရှိက တိုတိုနဲ့လိုရင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ သီးခြားထပ်မံတင်ပြရန်မရှိပါ ခင်ဗျား။ ကျွန်တော်တို့အနေနဲ့ကတော့ အခြေခံဥပဒေအပေါ်မှာ ဘယ်လောက်အထိ လိုက်နာ ဆောင်ရွက်တယ်ဆိုတာလေး လက်ညှိုးထိုးခံရမှာစိုးတဲ့အတွက်ကြောင့် တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနနဲ့ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်အတိုင်း အတည်ပြုပေးနိုင်ပါရန် တင်ပြအပ် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်တဲ့ လွှတ်တော်ဥက္ကဋ္ဌက လက်ညှိုး ထိုးခံရမယ်ဆိုတာထက် မိမိတို့လုပ်ဆောင်ရမယ့် မိမိတို့ရဲ့တာဝန်ကို ဥပဒေနှင့်အညီလုပ်ဖို့ပဲဖြစ်ပါ တယ်။ လက်ညှိုးထိုးခြင်း၊ မထိုးခြင်းဟာ ပြဿနာမဟုတ်ပါဘူး။ ရပါပြီ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင် အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသော ပြည်ထောင်စုတရားစီရင် ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆက်လက်ဆွေးနွေးဆောင်ရွက်ပါ မယ်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၁ အမှတ်စဉ် ၄ ဗိုလ်မှူးဇော်ဝင်းနိုင်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးဇော်ဝင်းနိုင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းဥပဒေရဲ့ အပိုဒ် ၂ မှာဆိုလို့ရှိရင် အဆိုပြုပြဋ္ဌာန်းချက်ကို ပယ်ဖျက်ပြီးတော့ မူလအတိုင်းပဲ ထားရှိနိုင်ဖို့ အဆိုပြု တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းသန်း၊ သာပေါင်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်တဲ့စကားရပ်မှာလည်း ဥပဒေကြမ်းကော်မတီရဲ့ ကျိုးကြောင်းဖော်ပြချက်မှာ ဒါဟာလည်း တရားစီရင်ရေးမဏ္ဍိုင်ဘက်မှာ ရောက်နေတဲ့အဖွဲ့အစည်းကို ရည်ညွှန်းတာဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၃ ပုဒ်မခွဲ(င)မှာ နိုင်ငံရေးပါတီနှင့် မဟုတ်သူလို့ အမြင့်ဆုံးဒီဂရီအနေနဲ့ ပြတ်ပြတ်သားသား ဖော်ပြထားတာဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးလည်း ရှင်းရှင်းလင်းလင်း သိပြီးပြီဖြစ်တယ်လို့ယူဆတဲ့အတွက် ကျွန်တော် တခြားရှင်းလင်းတင်ပြရန်မရှိပါ။ သို့ပါ၍ ရွေးကောက်ပွဲဆိုင်ရာပါတီစည်းရုံးရေးလုပ်ငန်းအစား ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးရေးလုပ်ငန်းဆိုသည့်စကားရပ်ဖြင့် အစားထိုးရန်ဟူသော ပြင်ဆင်အဆိုပြုပြဋ္ဌာန်းချက်အား အတည်ပြုပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့်လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ရှင်းလင်းဆွေးနွေးရန်ရှိက ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမြသိန်း(အဖွဲ့ဝင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော တာဝန်ရှိပုဂ္ဂိုလ်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ဦးမြသိန်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ရဲ့ ခုံရုံးရဲ့သဘောထားကို ကျွန်တော်တို့ရဲ့ ဥက္ကဋ္ဌကြီးကတစ်ဆင့် တင်ပြပြီးလည်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တင်ပြချင်တာက ကျွန်တော်တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၀ အရ ခန့်အပ်ထားလို့ ကျွန်တော်တို့ မွေးဖွားလာရတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ အဲဒီအဖွဲ့အစည်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီပဲ ဆောင်ရွက်လို့ရပါတယ်။ ဒါကြောင့်မို့လို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၅ မှာလည်းပဲ ကျွန်တော်တို့ရဲ့လုပ်ပိုင်ခွင့်တွေ၊ ဆောင်ရွက်ပေးရမယ့်တာဝန်တွေကို ဖော်ပြထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဆုံးဖြတ်ချက်ပေးဖို့လိုတဲ့ကိစ္စတွေမှာ ဆုံးဖြတ်ပြီးတော့၊ သဘောထား ပေးလို့ရတဲ့ဟာတွေမှာ သဘောထားပေးပြီးလည်းဖြစ်ပါတယ်။ အခု ပြဋ္ဌာန်းမယ့်ဥပဒေနဲ့ပတ်သက်လို့ ကျွန်တော်တို့အနေနဲ့၊ ခုံရုံးအနေနဲ့ အထူးတလည်သဘောထားပေးရန်မရှိပါကြောင်း ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆို ပြုချက်အား ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင် အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက တင်သွင်းသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်သည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေ့တော့ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့လည်း ပြောစရာရှိတာလေးတွေ ကြုံကြိုက်လာပါတယ်။ သနားတယ်။ သနားစရာကောင်းတဲ့သူကိုလည်း သနားတယ်။ မိမိလွှတ်တော် ဥက္ကဋ္ဌကိုလည်း သနားတယ်။ စာနာသင့်တဲ့သူကိုလည်း စာနာပါတယ်။ အဲဒီအတိုင်းပဲ မိမိကိုလည်း စာနာပေးကြပါ။ မလိုအပ်ဘဲ လွှတ်တော်ထဲမှာ အချိန်တွေကုန်ဆုံးခြင်းအားဖြင့် မိမိတို့ လွှတ်တော်မှာ လုပ်ရမယ့်ကိစ္စတွေ အများကြီးကျန်ရှိနေပါတယ်။ ဒါကြောင့်မို့လို့ ဒီပေါ်မှာထိုင်ရတဲ့ကိစ္စကိုလည်း သနားပေးကြပါ။ စာနာပေးကြပါ။ အဲဒီအတိုင်းပဲ တချို့ တင်ပြပြောဆိုနေတာအတွက်လည်း စာနာပါ တယ်။ သနားလည်း သနားပါတယ်။ အဂတိ။ အဂတိဟာ ဘာလဲ။ ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟ ဒီနေ့ ဆွေးနွေးပြောဆိုနေတာတွေက အဲဒါတွေနဲ့များ လွတ်ကြပါရဲ့လား။ ဒါကိုလည်း သုံးသပ်ဖို့လိုပါတယ်။ သီးခြားတင်ပြချင်တာက မသိတာထက်။ ပြောင်းပြန်ဖြစ်နေပါတယ်။ မရှိတာထက် မသိတာခက်။ မသိတာထက် သိလျက်နဲ့ မလုပ်ဆောင်တာခက်၊ မဆောင်ရွက်တာခက်ဖြစ်ပါတယ်။ ဒီအခြေအနေတွေ ကျွန်တော်တို့နိုင်ငံမှာ ဆက်လက်ပြီးတော့ ရှိနေမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံ တိုးတက်ဖို့ များစွာ အခက်အခဲရှိမှာဖြစ်ပါတယ်။ အဲဒီအတိုင်းပဲ နိုင်ငံတိုးတက်ဖို့ဆိုရင် စည်းလုံးညီညွတ်မှုရှိဖို့ လိုပါတယ်။ စည်းလုံးညီညွတ်မှုရှိဖို့ အဟန့်အတား အကန့်အသတ်တွေဖြစ်တဲ့အတွက် ကျွန်တော်တို့ တကယ်ကို နိုင်ငံကိုချစ်တယ်ဆိုရင် အခုနက ပြောတဲ့ကိစ္စများကို သတိပြုဆောင်ရွက်ရမယ်လို့ လွှတ်တော်ကိုယ်စား လှယ်များကိုရော၊ သက်ဆိုင်ရာတက်လာတဲ့ ပြည်ထောင်စုအဆင့်ကိုယ်စားလှယ်များကို ဒီလိုပဲ ကျွန်တော် ပြောချင်ပါတယ်။ ဒီနေ့ ဆွေးနွေးသွားမယ့်နေရာမှာ ဥပဒေအကြောင်းအရာတွေကို ဖော်ပြ ဆွေးနွေးသွားတာတွေရှိပါတယ်။ အဲဒီတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်ခြင်းရှိ/မရှိ၊ ဆန့်ကျင် ခြင်းရှိ/မရှိ ဆုံးဖြတ်ပေးရမယ့်အဖွဲ့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ လို့ လွှတ်တော်ကိုယ်စားလှယ်များလည်း ဖတ်ပါ။ မှတ်ပါ။ လေ့လာပါ။ မိမိတို့ရဲ့ ပြောဆိုဆွေးနွေးချက်

တွေဟာ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်မှာရှိတဲ့ အရည်အချင်း၊ သိရှိရမယ့်ဥပဒေတွေကို မသိဘဲနဲ့ လွှတ်တော်ထဲမှာ ဆွေးနွေးတယ်ဆိုရင် လွှတ်တော် သိက္ခာကျပါတယ်။ အဲဒီ လွှတ်တော် ကိုယ်စားလှယ် သိက္ခာကျပါတယ်။

ဒါကြောင့်မို့လို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးနဲ့ ပတ်သက်ပြီးတော့ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၃၂၂ မှာ လုပ်ငန်းတာဝန်တွေ ဖော်ပြထားပါတယ်။ ပုဒ်မခွဲ(က) ကနေပြီးတော့ ပုဒ်မခွဲ(ဆ) အထိ ရှိပါတယ်။ ဖတ်ကြည့်ကြပါ။ အဲဒီမှာ ပထမတစ်ချက် ပုဒ်မ ၃၂၂ ပုဒ်မခွဲ(က)က ဖွဲ့စည်းပုံအခြေခံ ဥပဒေပါပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းအပါအဝင် အားလုံး(၇)ခုရှိပါတယ်။ ဖတ်ကြည့် ပါ။ လေ့လာကြည့်ပါ။ လွှတ်တော်ထဲလာထိုင်ပြီးတဲ့အခါမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို သေသေချာချာ လည်း မဖတ်ထားဘဲနဲ့ ပြောဆိုနေတာဟာ အဲဒီလွှတ်တော်ကိုယ်စားလှယ်အတွက်ရော၊ လွှတ်တော် အတွက်လည်း သိက္ခာကျပါတယ်။

ဒီအတိုင်းပဲ ဒီနေ့ ဥပဒေကြမ်းကော်မတီကနေပြီးတော့ တင်ပြဆွေးနွေးနေတာရှိပါတယ်။ အဲဒီတော့ ဥပဒေကြမ်းကော်မတီမှာ ကော်မတီရဲ့တာဝန်များကို ပုဒ်မ ၅၉ မှာ ဖော်ပြထားပါတယ်။ ကော်မတီသည် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကိုအခြေခံ၍ စိစစ်ရမည်။ (က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်မှုရှိ/မရှိ။ ဒါဟာ နံပါတ်(၁) ဥပဒေကြမ်းကော်မတီက စိစစ်ဆောင်ရွက်ရမယ့်ကိစ္စတစ်ခုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီက မိမိတို့စိစစ်ဆောင်ရွက်ရမယ့်ကိစ္စမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ဆဲ ဥပဒေများပါ ပြဋ္ဌာန်းချက်များဟာ ညီညွတ်မှုရှိ/မရှိ။ ဒါကိုစိစစ်ထား။ ဒါကြောင့်မို့လို့ ညီညွတ်မှုမရှိဘူး ထင်လို့ ဒီဟာကို ပယ်ဖျက်တာ။ ညီညွတ်အောင် ဒီလိုထောက်ခံတာ။ ဒီလိုဖြစ်ရမယ်။ ဥပဒေကြမ်း အနေနဲ့။ ဟုတ်ပြီ။ အဲဒီလိုထောက်ခံပြီးဆောင်ရွက်လိုက်တဲ့ကိစ္စကို လွှတ်တော်က ဆုံးဖြတ်မှာပေါ့။ ဆုံးဖြတ်လိုက်တဲ့ဟာက ဒီဘက်လွှတ်တော်၊ အမျိုးသားလွှတ်တော်။ အမျိုးသားလွှတ်တော်က ပြည်သူ့ လွှတ်တော်ရဲ့ သဘောထားနဲ့ကိုက်ညီတယ်ဆိုလို့ရှိရင် ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောထား ကိုက်ညီတယ်လို့ယူဆပြီး ဆက်လက်ဆောင်ရွက်ဖို့ပဲရှိတယ်။ သဘောထားမကိုက်ညီဘူးဆိုရင် ပြည်သူ့ လွှတ်တော် ပြန်ပို့။ ပြည်သူ့လွှတ်တော်က တစ်ခါပြန်ကြည့်။ မကိုက်ညီဘူးဆိုရင် ပြည်ထောင်စု လွှတ်တော်တင်။ ဒါက လုပ်ထုံးလုပ်နည်း။ အဲဒီလိုတင်လိုက်ပြီးတော့ ပြည်ထောင်စုလွှတ်တော်ကနေ ပြဋ္ဌာန်းအတည်ပြုလိုက်တဲ့ကိစ္စနဲ့ပတ်သက်လို့ အခုနက (၇)ဦးက ဒါနဲ့ပတ်သက်ပြီးတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးကို စာရေးသားတောင်းဆို၍ အဲဒီကျဆိုလို့ရှိရင်တော့ အဓိပ္ပာယ်ဖွင့်ဆိုပေး

ပါဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက အဓိပ္ပာယ်ဖွင့်ဆိုပေးတာတွေရှိမယ်။ သို့မဟုတ် အခုလို ပြဋ္ဌာန်းလိုက်တဲ့ကိစ္စဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီညွတ်မှုရှိ/မရှိဆိုတာ အဲဒီခုံရုံးက အဆုံးအဖြတ် ပေးရမယ်။ ဒါတွေကို လွှတ်တော်ကိုယ်စားလှယ်အသီးသီး နားလည်ဖို့လိုပါတယ်။ လွှတ်တော်ကိုယ်စား လှယ်ဖြစ်ပြီးတော့ ဒီလောက် နားမလည်ဘူးဆိုလို့ရှိရင်တော့ မိမိတို့တစ်ဦးချင်း၊ တစ်ဦးချင်းရဲ့ အရည်အသွေးတွေက ဘယ်လောက်လိုနေသေးသလဲဆိုတာ ဒီလို ပြောဖို့လိုပါတယ်။ အဲဒီအတိုင်းပဲ ဥပဒေကြမ်းကော်မတီအနေနဲ့လည်း မိမိတို့ လုပ်နေတဲ့ကိစ္စဟာ ဘာကြောင့်လုပ်တယ်ဆိုတာကိုလည်း ဖော်ပြဖို့လိုပါတယ်။ ဒီနေရာမှာ အခုနက ပြောခဲ့ပြီ။ သူများ လက်ညှိုးထိုးခံရမယ်။ လက်ညှိုးထိုးတာ၊ မထိုးတာ အရေးမကြီးဘူး။ မိမိ ဘာတာဝန်လဲ။ မိမိတာဝန် မိမိကျေပွန်အောင် ဆောင်ရွက်ဖို့လိုတယ်။ အဲဒီလိုဆိုရင် ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေများနဲ့အညီ တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ဖို့ လိုပါတယ်။ ဒါပဲ။ အဲဒီလိုမှမဟုတ်ဘဲနဲ့ အဖွဲ့အစည်းတိုင်း၊ အဖွဲ့အစည်းတိုင်းဟာ မိမိတာဝန်ဟာဘာလဲ။ မိမိတာဝန် ယူထားတာဟာ ဘာလဲ။ မိမိလုပ်တာဘာလဲ။ အဲဒီလိုမှ မစဉ်းစားမဆောင်ရွက်ဘဲနဲ့ ဆက်လက် ဆောင်ရွက်သွားမယ်ဆိုရင်ပြောတော့ နိုင်ငံ့ကိုချစ်တယ်။ ပြောတော့ နိုင်ငံတိုးတက်အောင်လုပ်ချင်တယ် ဆိုတဲ့ဟာတွေက စာနဲ့စကားဖြစ်ပြီးတော့ ပျောက်ကွယ်သွားမယ်။ ဒါကြောင့်မို့လို့ မိမိတို့တာဝန်၊ မိမိတို့ဆောင်ရွက်မယ့်ကိစ္စများ ဆောင်ရွက်တဲ့အခါမှာ ဥပဒေနှင့်အညီ ရဲရဲဝံ့ဝံ့၊ သတ္တိရှိရှိ လုပ်ဖို့လို ကြောင်း လွှတ်တော်ကို တင်ပြတိုက်တွန်းလိုက်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၇၀)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး (၆၉)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၀) ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၉ ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၄၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၆၉) ရက်မြောက်နေ့ကို ၁၂း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]